ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့၊ (18-5-2006) (၄၉၆၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကျိုင်းတုံမြို့ စွမ်ခမ်းစေတီတော်ကြီးပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်ကြည်ညိုပြီးဆွမ်းဆန်စိမ်းလောင်းလှူ အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်

နေပြည်တော် မေ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက် ရေးဟောင်းသမိုင်းဝင် စွမ်ခမ်းစေတီတော် နှစ်ပတ်လည်ပူဇော်ပွဲနှင့် သံဃဒါန စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မေ ၁၂ရက် နံနက် ၆နာရီတွင် အဆိုပါ ကျိုင်းတုံမြို့ စွမ်ခမ်းစေတီတော်ကြီး၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျိုင်းတုံတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊စစ်သည်၊မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စွမ်ခမ်းစေတီတော်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်တို့ဖြင့် ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံမြို့နှင့် ပတ်ဝန်းကျင်ရှိ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးကျောင်း စုစုပေါင်း ၃၄ ကျောင်းတို့မှ သံဃာတော် ၃၇၆ပါးနှင့် သီလရှင် စာသင်တိုက်များမှ သီလရှင် ၂၈ပါးတို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို စုပေါင်းလောင်းလှူကြသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးသည် ကျိုင်းတုံမြို့နယ် စည်ပင်သာယာခန်းမ၌ ကျင်းပသည့် ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်စိုးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် သူနာပြုများ၏စွမ်းဆောင်နိုင်မှုအခြေအနေများကိုလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သူနာပြုအသင်းခွဲနာယက လက်ထောက်ညွှန်ကြားရေးမှူး သူနာပြု ဒေါ်သန်းအေးက အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့အခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ ဆုရရှိကြသူများ၊ ထူးချွန်သူနာပြုများနှင့် သားဖွားဆရာမများအား တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သတင်းမှတ်စု၊ ဓာတ်ပုံ–အောင်မင်း(ဒလ)

တွံတေး တံတား တည်ဆောက်ရေးစီမံကိန်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက **"မြစ်ကိုမြင်လျှင် တံတားဆင်၊ ပြည်ခွင်သာဖို့လမ်းခင်းစို့"**ဟူသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတစ်ဝန်းတွင် လမ်း၊တံတားများကို ကွန်ရက်သဖွယ်ဖောက်လုပ်၊တည်ဆောက်ပေးလျက်ရှိသည်။

ယင်းသို့ လမ်း၊ တံတားများ တိုးတက်ဖောက်လုပ်၊ တည်ဆောက်ပေးသဖြင့် တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့ပြီး ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားမှု လျင်မြန်သွက်လက်ချောမွေ့လာခဲ့သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်နေသည့် တံတားစီမံကိန်းများအနက် ရန်ကုန်တိုင်း တွံတေးမြို့နယ် ဒလ–တွံတေး ကားလမ်းပေါ်ရှိ ဘုရားငုတ္တိုရွာအနီး၌ အကောင်အထည်ဖော် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

ရန်ကုန်တိုင်း တွံတေးမြို့နယ် ဒလ–တွံတေး ကားလမ်းပေါ်ရှိ ဘုရားငုတ္တိုရွာအနီးတွင် တွံတေးတူးမြောင်းကို ဖြတ်ကျော်တည်ဆောက်လျက်ရှိသော တွံတေးတံတား ပြီးစီးမှုအခြေအနေကိုယခုလဆန်းပိုင်းက တွေ့ရစဉ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၈–၅–၂၀၀၆
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အမျိုးသားရေးတာဝန်အဖြစ် အစွမ်းကုန်ဆောင်ရွက်

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းလျက်ရှိသည်။ မူးယစ်ဆေးဝါး လုံးဝချုပ်ငြိမ်းပပျောက်ရေးအတွက် မဟာဗျူဟာနှစ်ရပ် ချမှတ်ခဲ့သည်။ နည်းဗျူဟာသုံးရပ်နှင့် နည်းနာနိဿယသုံးရပ်ဖြင့် အထိရောက်ဆုံး အကောင်အထည်ဖော်လျက်ရှိသည်။

မူးယစ်ဆေးဝါး ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့သည် နည်းဗျူဟာသုံးရပ်ဖြစ်သည်။ နည်းနာနိဿယသုံးရပ်တွင် မူးယစ်ဆေးဝါးစိုက်ပျိုး၊ ထုတ်လုပ်၊ သုံးစွဲသူများ၏ ခံယူချက်နှင့် စိတ်ဓာတ် မြင့်မားတိုးတက်ပြောင်းလဲရေး အစီအမံများပါဝင်သည်။ တောင်ပေါ်မြေပြန့် တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာကူးလူးဆက်ဆံရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ပေးသည်။ ထို့အပြင် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် ဖြည့်ဆည်းပေးချက်များပါရှိကြောင်း တွေ့ရသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)မိုင်းလား အထူးဒေသ (၄)တွင် ၁၉၉၇ ခုနှစ် ဧပြီလမှစ၍ ဘိန်းပပျောက်ကြောင်း ကြေညာနိုင်ခဲ့သည်။ အလားတူ ကိုးကန့် အထူးဒေသ (၁)တွင်လည်း တရားမဝင်ဘိန်းစိုက်ပျိုးမှုကို ၂၀၀၃ ခုနှစ်မှ စတင်ရပ်ဆိုင်းခဲ့ပြီး အစားထိုးသီးနှံ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိသည်။ အလားတူ "ဝ" အထူးဒေသ (၂)တွင်လည်း ၂၀၀၅ ခုနှစ်၌ တရားမဝင် ဘိန်းစိုက်ပျိုးမှုလုံးဝရပ်ဆိုင်းပြီး ဘိန်းကင်းမဲ့ဒေသဖြစ်ရေး ကြိုးပမ်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးလုံးဝကင်းစင်ရေးအတွက် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ သတ်မှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါ စီမံကိန်းကို ငါးနှစ်စီမံကိန်း သုံးခုဖြင့် ပိုင်းခြားဆောင်ရွက်လျက်ရှိရာ ယခုအခါ ဒုတိယငါးနှစ်စီမံကိန်း၏ တတိယနှစ်ကာလသို့ ရောက်ရှိလာပြီ ဖြစ်သည်။

အဆိုပါ စီမံကိန်း၏ အစီအစဉ်များကို ဒေသအလိုက် တာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံ တောင်သူများက အင်တိုက်အားတိုက် ပူးပေါင်းဖော်ဆောင်လျက်ရှိသည်။ နိုင်ငံတော်က တောင်သူများအား ဘိန်းအစားထိုး သီးနှံများစိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် စီးပွားရေးလုပ်ကိုင်ရန် အားပေးကူညီသည်။ ဆန်နှင့်ဆားရိက္ခာအပါအဝင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

အကျိုးရလဒ်အဖြစ် တောင်သူများကိုယ်တိုင် ဘိန်းစိုက်ပျိုးမှုကို လိုလိုလားလား စွန့်လွှတ်လာကြသည်။ ဘိန်းမျိုးစေ့များ၊ ဘိန်းသီးခြောက်များကို ဒေသအာဏာပိုင်များထံ လာရောက်အပ်နှံခဲ့ကြသည်။ အဆိုပါ ဘိန်းမျိုးစေ့နှင့် ဘိန်းသီးခြောက်များကို ၁၃ ကြိမ်တိုင် မီးရှို့ဖျက်ဆီးနိုင်ခဲ့ပြီဖြစ်သည်။ ၁၉၈၈ ခုနှစ်မှ ၂၀၀၆ ခုနှစ်မတ်လ အထိ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဖမ်းဆီးရမိသည့် အမှုပေါင်း ၇၇၆၄၀ ရှိပြီး အဆိုပါ မူးယစ်ဆေးဝါးများ၏ ခန့်မှန်းတန်ဖိုးမှာ အမေရိကန် ဒေါ်လာသန်းပေါင်း ၂၀၄၃၂ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က အမျိုးသားရေးတာဝန်အဖြစ် အကောင်အထည်ဖော်လျက်ရှိသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ နီးကြားတက်ကြွသော ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်၍ အောင်မြင်စွာဆောင်ရွက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ လူနာ ၄၁၄၅ ဦးအား စေတနာဆေးကုသမှု ဆောင်ရွက်ပေး

ရန်ကုန် မေ ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ရွှေပုဇွန်ကုမ္ပဏီ တပ်ဦးခြံ၌ စေတနာဆေးကုသမှုလုပ်ငန်းကို မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းနှင့် ပူးပေါင်း၍ မေ ၅ ရက်မှစတင်ပြီး ရပ်စောက်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာရှိ တိုင်းရင်းသားပြည်သူလူထုအား ကျန်းမာရေးဆေးစစ်ပေးခြင်း၊ ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ မေ ၇ ရက် နံနက် ၉ နာရီတွင် စေတနာဆေးကုသမှု ဖွင့်ပွဲအခမ်းအနားကို ရွှေပုဇွန် သရက်ခြံအတွင်း ယာယီခန်းမ၌ ကျင်းပရာ အစီအစဉ်အရ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်ဇော်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်က စေတနာ ဆေးကုသမှု လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အငြိမ်းစား ပါမောက္ခချုပ် ဒေါက်တာ လှမြင့်က ရွှေပုဇွန်ကုမ္ပဏီ၊ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာတင့်စိုးလင်းသို့ မျက်ကပ်မှန်နှင့်မျက်မှန်များ ပေးအပ်သည်။ ဆက်လက်၍ ခွဲစိတ်အထူးကုဆရာဝန်ကြီးပါမောက္ခ ဦးအောင်ခင်က တပ်ဦးအခြေခံပညာ အလယ်တန်းကျောင်းသို့ ဗလာစာအုပ် ၁၀၈၀ နှင့် ခဲတံအချောင်း ၁၀၀၀၊ ဒေါက်တာ စိန်မြင့်က မဂ္ဂဇင်းစာစောင် ၅၈၆ အုပ်ကို ကျေးရွာစာကြည့်တိုက်များသို့ လှူဒါန်းသည်။ ဆက်လက်၍ဒေါက်တာ အောင်ထွဋ်က အဝတ်အထည် ၃၀၀ ကို မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့သို့ လှူဒါန်းပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ရွှေပုဇွန်ကုမ္ပဏီမှ ဦးတင့်စိုးလင်းက ကျေးဇူးတင် စကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ထို့နောက် ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ စေတနာ ဆေးကုသမှုပြုလုပ်ပေးနေသည့် ဆရာဝန်ကြီးများက ကျန်းမာရေးကဏ္ဍအလိုက် ဟောပြောဆွေးနွေးကြသည်။ အဆိုပါ ဟောပြောပွဲသို့ ကျေးရွာလူထု ၅၀၀၀ ခန့် တက်ရောက်ကြသည်။

အဆိုပါ စေတနာဆေးကုသမှု လုပ်ငန်းကို ရန်ကုန်မြို့နှင့် တောင်ကြီးမြို့မှ အငြိမ်းစား အထူးကုဆရာဝန်ကြီး ၂၇ ဦး၊ သူနာပြုဆရာမကြီး ၁၈ဦးနှင့် ကျွမ်းကျင်ဝန်ထမ်း ၆၄ ဦး ပါဝင်သည့်အဖွဲ့က တာဝန်ယူ၍ လူနာပေါင်း ၄၁၄၅ ဦးအား ဆေးကုသပေးခဲ့သည်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌တည်ထားလျက်ရှိသည့် ရွှေတိဂုံစေတီတော်ကြီး၏ ပုံတော်တူကမ္ဘာ့ဗုဒ္ဓဝိပဿနာလိုဏ်ဂူစေတီတော်ကြီးအတွက်တတိယအကြိမ်အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကါထံ အလှူရှင်မိသားစုက အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ ဗုဒ္ဓဝိပဿနာ လိုဏ်ဂူစေတီတော်ကြီးအတွက် တတိယအကြိမ် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၁၇

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားလျက်ရှိသည့် ရွှေတိဂုံစေတီတော်ကြီး၏ ပုံတော်တူ ကမ္ဘာ့ဗုဒ္ဓဝိပဿနာလိုဏ်ဂူစေတီတော်ကြီးအတွက် တတိယအကြိမ် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိဝိပဿနာရိပ်သာ၌ ကျင်းပရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကါနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာအခမ်းအနားတွင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကါက စေတီတော်ကြီးအကြောင်းကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းကြရာ တရားရုံးချုပ်တရားသူကြီး ဦးမြင့်သိန်းနှင့်မိသားစုက ငွေကျပ်ရှစ်သိန်း၊ မရမ်းကုန်းမြို့နယ် စော်ဘွားလမ်းနေ ဦးလှမင်းဦး–ဒေါ်မြမြဝင်း မိသားစုက ငွေကျပ်ရှစ်သိန်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးရာမေ့စ်–ဒေါ်နီတာ မိသားစုက ငွေ ၁၁၁၁၁ ကျပ်တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်အား NHK သတင်းဌာနမှ သတင်းထောက်ချုပ်လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးအား ရန်ကုန်မြို့၌ ရောက်ရှိနေသော NHK သတင်းဌာန ဗန်ကောက်ဗျူရိုမှ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် သတင်းထောက်ချုပ် Ms. Miki Ebara နှင့် အသစ်တာဝန်ထမ်းဆောင်မည့် သတင်းထောက်ချုပ် Mr. Ichiro Kabasawa တို့သည် မေ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး (ရုပ်မြင်) ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

သီတဂူဆရာတော် တရားပွဲရက်ရွှေ့

ရန်ကုန် မေ ၁၇

ပုဇွန်တောင်မြို့နယ် လယ်တီစံ သာသနာ့ရိပ်သာတွင် မေ ၁၈ ရက် ညတွင် သပိတ်အိုင် သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt) ၏ တရားပွဲကို မေ ၂၇ ရက် (စနေနေ့) ည ၇ နာရီ သို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်သည်ဟု သိရသည်။ (၂၃)

လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးအား NHK သတင်းဌာန ဗန်ကောက်ဗျူရိုမှ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် သတင်းထောက်ချုပ် Ms. Miki Ebara နှင့် အသစ်တာဝန်ထမ်းဆောင်မည့် သတင်းထောက်ချုပ် Mr. Ichiro Kabasawa တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေလှူဒါန်း

ရန်ကုန် မေ ၁၇

မြတ်ဗုဒ္ဓ၏ ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူကို ဆရာတော် ဘဒ္ဒန္တဉာဏ (သာသနာ့ဓဇ ဓမ္မာစရိယ၊ မဟာ ဂန္ထဝါစက ပဏ္ဍိတ မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်)က ဦးဆောင်ပြုလုပ်လျက်ရှိသည်။

ကြေးပိဋကတ်တော် အတွက် သာကေတမြို့နယ် (၇)ရပ်ကွက် ခိုင်ရွှေဝါလမ်းနေ ဦးကျော်ဆန်းမင်း–ဒေါ်မင်းမင်းရီတို့က ကြေးပြားနှစ်ချပ်၊ ကွယ်လွန်သူ သမီး မနွဲ့ဝေလွင်အား ရည်စူး၍ ဒဂုံမြို့သစ်မြောက်ပိုင်း (၄၂) ရပ်ကွက်နေ ဦးစိုးလွင်–ဒေါ်အေးကြည် မိသားစု၊ ဘိုးဘွားမိဘများအား ရည်စူး၍ ဒေါပုံမြို့နယ် သဘော်ကျင်းလမ်းနေ ဦးအောင်ငွေ–ဒေါ်ခင်သိန်း မိသားစု၊ ကွယ်လွန်သူ ဗိုလ်မှူးကိုကိုကြီးအား ရည်စူး၍ (၈)နှစ်မြောက် ကောင်းမှု၊ ဒေါပုံမြို့နယ် သဘော်ကျင်းလမ်းနေ ဇနီး ဒေါ်တင်တင်လှ သားသမီးမြေးတစ်စု၊ ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးကျော်အေး–ဒေါ်စိန်ရင်တို့အား ရည်စူး၍ သဃ်န်းကျွန်းမြို့နယ် သီတာရေစင်လမ်း၊ (၁၆/၄)ရပ်ကွက်နေ ဒေါ်တင်တင်အုန်း၊ ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်ကြသော ဦးကြီးနိုင်၊ ဒေါ်ငွေနှင့် ခင်ပွန်းဖြစ်သူ ဦးတွားခင်တို့အား ရည်စူး၍ သဃ်န်းကျွန်းမြို့နယ် သီတာရေစင်လမ်း (၁၆/၄) ရပ်ကွက်နေ ဒေါ်ကျင်ဥမိသားစုတို့က ကြေးပြားတစ်ချပ်စီ လာရောက်လှူဒါန်းကြသည်။

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေ ကျပ် ၁၈၀၀၀ဖြင့် အထက်ပါကျောင်းတိုက် ဖုန်း–၅၄၈၈၀၅သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဖွံ့ဖြိုးစည်ပင် ပဲခူးတိုင်းတစ်ခွင်

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

၁၂ဒသမ၅ မဂ္ဂါဝပ် စက်နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၂၅ ထုတ်လုပ်နိုင်မည့် ပဲခူးတိုင်းရှိ ရဲနွယ် ရေအားလျှပ်စစ်စက်ရုံကို တွေ့ရစဉ်။

ပြည်တွင်းပြည်ပ သတင်းစာဆရာများ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်းအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည့် လေ့လာရေးခရီးစဉ် သတင်းမြင်ကွင်းကို မေလ ၁၅ ရက်နေ့ညပိုင်း ရုပ်မြင်သံကြားသတင်းတွင် ကြည့်ရှုနားဆင်လိုက်ရပြီး မေလ ၁၆ ရက်နေ့ထုတ် သတင်းစာများတွင် ဖတ်ရှုလိုက်ရပါသည်။

အချိန်အတိုင်းအတာအရ လေ့လာကြည့်ရှုရသော နေရာဌာနအနေဖြင့် နည်းပါးလှသော်လည်း ပဲခူးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ရှုမဆုံးနိုင်အောင် ရှိနေပါကြောင်း လေ့လာမှတ်သားထားသည့် ကိန်းဂဏန်းများအရ ဖြည့်စွက်တင်ပြလိုပါသည်။ ပြည်တွင်းပြည်ပသတင်းစာဆရာများ ကိုယ်တိုင်ကိုယ်ကျ လေ့လာ ကြည့်ရှုခဲ့ရသလို ပြည်သူလူထုအနေဖြင့်လည်း ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှတစ်ဆင့် လေ့လာကြည့်ရှုခွင့် ရရှိခဲ့ကြပါသည်။ သို့ရာတွင် အဆိုပါ ရှုခင်းမြင်ကွင်းများသည် ဖွံ့ဖြိုးစည်ပင် ပဲခူးတိုင်းတစ်ခွင်၏ ဖွံ့ဖြိုးတိုးတက်မှုသာဓကအချို့သာ ရှိပါသေးသည်။ ထို့ကြောင့် ဖွံ့ဖြိုးစည်ပင် ပဲခူးတိုင်းတစ်ခွင်၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းကျယ်ကို ရှုမြင်နိုင်ပါရန် အောက်ပါအတိုင်း လေ့လာ တင်ပြလိုက်ရပါသည်–

ပဲခူးတိုင်းသည် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုနေသည့် တိုင်းကြီးတစ်တိုင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်ဒေသကြီး၏ တောင်ဘက်ပိုင်းတွင်တည်ရှိပြီး မြောက်ဘက်၌ မကွေးတိုင်းနှင့် မန္တလေးတိုင်း၊ အရှေ့ဘက်၌ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်၊ တောင်ဘက်၌ ရန်ကုန်တိုင်း၊ အနောက်ဘက်၌ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့နှင့် တစ်သွေးတည်း တစ်သားတည်း ဆက်စပ်လျက် တည်ရှိနေပါသည်။ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း ၂၄၇၉၃မိုင်ရှိပြီး ကရင်၊ ဗမာ၊ မွန်၊ ချင်း၊ ရခိုင်၊ ရှမ်းနှင့် ပအိုဝ်းတိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ပူးပေါင်း နေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေပါသည်။ လူဦးရေ ငါးသန်းခွဲကျော် ရှိသဖြင့် ပျမ်းမျှလူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၂၀၀ ကျော်ဖြစ်သည်။ ပဲခူးတိုင်းကို ခရိုင်လေးခု၊ မြို့နယ် ၂၈မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။

အနောက်ဘက်၌ ဧရာဝတီမြစ်ကြီးစီးဆင်းနေပြီး အလယ်တွင် ပဲခူးရိုးမ တည်ရှိကာ အရှေ့ပိုင်း၌ စစ်တောင်းမြစ်နှင့်ပဲခူးမြစ်တို့စီးဆင်းနေသည်။ အမြင့်ပေ ပျမ်းမျှ ၂၀၀၀ခန့်ရှိသော ပဲခူးရိုးမမှအပ အနောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် မြေပြန့်လွင်ပြင်မြစ်ဝှမ်းများဖြစ်၍ စိုက်ပျိုးရေးရေခံမြေခံကောင်းသည်။ စိုက်ပျိုးရေးရေခံမြေခံကောင်းသော ပဲခူးတိုင်းကို နိုင်ငံတော်က စိုက်ပျိုးရေး အခြေခံကောင်းများဖြင့် ထပ်လောင်းမြှင့်တင်ပေးလိုက်သောအခါ ပဲခူးတိုင်းသည် ရှေးယခင်ကနှင့်မတူ တစ်မူထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ပဲခူးတိုင်းအတွင်း ၁၉၈၈ခုနှစ်က စိုက်ပျိုးမြေဧက ၂၈၃၄၇၇၀ သာရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ ခုနှစ်၌ ဧက ၃၁၄၈၈၆၉အထိ ရှိလာခဲ့သည်။ ယင်းကဲ့သို့ စိုက်ပျိုးမြေဧက သုံးသိန်းကျော် ဖြစ်ထွန်းစေရန်အတွက် နိုင်ငံတော်က ပဲခူးတိုင်း၌ (၁၇)နှစ်တာကာလအတွင်း ဆည်တမံပေါင်း ၄၂ ခု အသစ်ထပ်မံ တည်ဆောက်ပေးခဲ့သည်။ လက်ရှိ တည်ဆောက်နေဆဲ ဆည်တမံသုံးခုရှိရာ ယခင်က ဆည်တမံ နှစ်ခုသာရှိခဲ့သော ပဲခူးတိုင်း၌ နောက်ထပ်ဆည်တမံ ၄၅ ခု တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ပင်မရေလှောင်တမံကို ဤသို့တွေ့ရသည်။

မျက်မှောက်ခေတ်၌ ပဲခူးတိုင်းအတွင်း အသစ်တည်ဆောက်ပေးခဲ့သော ဆည်တမံပေါင်း ၄၀ကျော်၏ အကျိုးပြုမှုကြောင့် ၁၉၈၈ ခုနှစ်၌ တိုင်းအတွင်း စပါး ၂၀၉၂၂၁၈ဧကသာ စိုက်ပျိုးနိုင်ခဲ့ရာမှ ယခု ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ၃၀၈၂၀၅၂ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ စပါးစိုက်ဧက ကိုးသိန်းကျော်အထိ တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်၍ ပဲခူးတိုင်း၏ ဆန်ဖူလုံမှုမှာ ၂၃၇ရာခိုင်နှုန်းအထိ ရှိနေပြီ ဖြစ်သည်။

ပဲမျိုးစုံစိုက်ပျိုးမှုကို ကြည့်လျှင်လည်း ၁၉၈၈ ခုနှစ်၌ ဧကနှစ်သိန်းကျော်သာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ ခုနှစ်ဆတိုးကာ ဧက ၁၄သိန်းကျော် စိုက်ပျိုးနိုင်လျက်ရှိသည်။ ဆီထွက်သီးနှံစိုက်ပျိုးမှုမှာ ယခင်က ၂၇၆၇၅၇ဧကသာ ရှိခဲ့ရာမှ ယခုအခါ ၄၂၂၆၁၂ဧက စိုက်ပျိုးနိုင်သဖြင့် ပဲခူးတိုင်း၏ စားသုံးဆီဖူလုံမှုသည် ၁၀၇ရာခိုင်နှုန်းအထိ ရှိနေပါသည်။

ကြံသီးနှံကို ၁၉၈၈ ခုနှစ်က ဧကသုံးသောင်းကျော်သာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ ဧက တစ်သောင်းခွဲကျော် တိုးချဲ့နိုင်ခဲ့သဖြင့် စုစုပေါင်းစိုက်ဧက ၄၈၇၄၀ရှိနေပါသည်။ ရော်ဘာသီးနှံကိုလည်း ၂၀၀၅–၂၀၀၆ ခုနှစ်၌ ၅၁၉၃၁ ဧကအထိ တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့ပါသည်။

ယင်းကဲ့သို့ ပဲခူးတိုင်း၏ စိုက်ပျိုးရေးစွမ်းအားကို တိုးမြှင့်နိုင်သည့်နည်းတူ သားငါးကဏ္ဍ၌လည်း ငါးမွေးကန် ယခင်က ၁၅၂၂ဒသမ၈၁ဧကသာရှိခဲ့ရာမှ ယခုအခါ ၂၄၅၆၇ဒသမ၅၉ ဧကအထိ တိုးချဲ့မွေးမြူထားနိုင်ပြီဖြစ်သည်။

ကျွဲ၊ နွား၊ ဆိတ်မွေးမြူမှုတွင်လည်း ကောင်ရေသိန်းနှင့်ချီ၍ တိုးချဲ့မွေးမြူထားနိုင်ပါသည်။ ဝက်မွေးမြူမှုတွင် ၁၉၈၈ ခုနှစ်ကထက် ကောင်ရေငါးသိန်းကျော်၊ ကြက်မွေးမြူမှုတွင် ၁၉၈၈ ခုနှစ်ကထက် ကောင်ရေ၆၆သိန်းကျော်၊ ဘဲမွေးမြူရေးတွင် ၁၉၈၈ခုနှစ်ကထက် ကောင်ရေ ၁၃သိန်းကျော် တိုးတက်မွေးမြူနိုင်လျက်ရှိပါသည်။

အလားတူပင် ရှေးယခင်က စက်မှုဇုန်ဟူ၍မရှိခဲ့သော ပဲခူးတိုင်းတွင် မျက်မှောက်ခေတ်၌ စက်မှုဇုန်နှစ်ခု ထူထောင်ပေးထားပြီး ပုဂ္ဂလိကစက်မှု ကဏ္ဍ မြင့်မားတိုးတက်အောင် အားပေးမြှင့်တင်နေပါသည်။ ပဲခူးတိုင်းအတွင်း ယခင်က နိုင်ငံပိုင်စက်ရုံ ၂၃ရုံသာ ရှိခဲ့ရာမှ ယခုအခါ ဒေသဖွံ့ဖြိုး တိုးတက် ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းစေရေး၊ စက်မှုနည်းပညာများ ကူးပြောင်းပေးအပ်ရေး၊ ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံပိုင်စက်ရုံ ၃၄ရုံကို ထပ်မံ တိုးချဲ့ထူထောင်ပေးထားပါသည်။ ၁၉၈၈ ခုနှစ်က တိုင်းအတွင်း၌ ပုဂ္ဂလိကအလုပ်ရုံစက်ရုံ ၂၀၇၉ရုံသာရှိခဲ့ရာမှ ယခုအခါ စက်ရုံအလုပ်ရုံပေါင်း ၂၆၂၇ရုံ တိုးတက်လာပြီး စုစုပေါင်း ပုဂ္ဂလိကအလုပ်ရုံစက်ရုံ ၄၇၀၆ရုံအထိ ဖွင့်လှစ်လည်ပတ်လျက် ရှိနေပါသည်။

ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ကျင့်သုံးနေမှုနှင့်အညီ မြင့်မားလာသော လူနေမှုအဆင့်အတန်း၊ တိုးတက်လာသော စက်မှုလက်မှုလုပ်ငန်းများ၏ လိုအပ်ချက်အရ လျှပ်စစ်ဓာတ်အား ဖြည့်တင်းပေးနိုင်ရေးအတွက် ပဲခူးတိုင်းအတွင်း၌ ရေအားလျှပ်စစ်စီမံကိန်းခြောက်ခု တည်ဆောက်လျက်ရှိနေပါသည်။ ခပေါင်းရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ်၃၀၊ ဖြူးချောင်းရေအား လျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ် ၄၀၊ ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ်၆၀၊ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းမှ ၂၅ မဂ္ဂါဝပ်၊ ရွှေကျင်ရေအား လျှပ်စစ်စီမံကိန်းမှ ၇၅ မဂ္ဂါဝပ်၊ သောက်ရေခပ်ရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ် ၁၄၀ ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်ပါသည်။

ပဲခူးတိုင်းအတွင်း မူလရှိပြီးသား လမ်းတံတားများအပြင် ထပ်မံ၍လည်း တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးခဲ့ပါသည်။ ၁၉၈၈ ခုနှစ်က ကတ္တရာလမ်း ၆၆၇မိုင်ရှိခဲ့ပြီး ယခု မိုင်၇၆၀ရှိနေပြီ ဖြစ်ပါသည်။ ကျောက်ချောလမ်း ၁၄၂မိုင်၊ အမာခံလမ်း၁၈၂မိုင်၊ မြေသားလမ်း၂၃၈မိုင်အထိ ရှိလာခဲ့ပါသည်။ ယခင်က ပေ၁၈၀အထက် တံတား ၃၈စင်းရှိခဲ့ပြီး တံတားသစ် ၁၀ စင်း တိုးမြှင့် တည်ဆောက်ပေးခဲ့သဖြင့် ယခုအခါ ၄၈စင်း ရှိနေပြီဖြစ်သည်။ ပေ ၁၈၀ အောက်တံတား ၃၃၉စင်း ထပ်မံ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ယခုအခါ တံတားစင်းရေ ၂၃၆၈စင်း ရှိလာခဲ့ပါသည်။

ယခုကဲ့သို့ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများကို နိုင်ငံတော်က အဆပေါင်းများစွာ တိုးမြှင့်တည်ဆောက်ပေးခဲ့သည့်နည်းတူ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ဒေသအတွင်း၌ လက်လှမ်းတမီ ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ ပိုမိုရရှိအောင် ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။ ၁၉၈၈ခုနှစ်၌ တိုင်းအတွင်း၌ စက်မှုလက်မှုသိပ္ပံတစ်ခု၊ အထက်တန်းကျောင်း ၈၀၊ အလယ်တန်းကျောင်း၁၈၁၊ မူလတန်း ကျောင်း ၃၄၅၀သာရှိခဲ့ပါသည်။ ယခုအခါ အထက်တန်းကျောင်း ၁၁၀၊ တွဲဖက် အထက်တန်းကျောင်း၃၇ကျောင်း၊ အထက်တန်းကျောင်းခွဲ၆၂ကျောင်း၊ အလယ်တန်းကျောင်း၂၂၆ ကျောင်း၊ တွဲဖက် အလယ်တန်းကျောင်း ၁၀၆ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၆၇ကျောင်း၊ မူလတန်းလွန်ကျောင်း၆၂၃ကျောင်း၊ မူလတန်း၃၉၈၇ကျောင်းအထိ ရှိလာခဲ့ပြီဖြစ်သည်။ ထို့အပြင် အဆင့်မြင့်ပညာကဏ္ဍ၌လည်း တက္ကသိုလ်သုံးခု၊ ဒီဂရီကောလိပ်တစ်ခုနှင့် ကောလိပ်ငါးခုကို တိုးချဲ့ ဖွင့်လှစ်ပေးထားပါသည်။

ပဲခူးတိုင်းအတွင်းမှ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုပေးနိုင်ရေးအတွက်လည်း ဆေးရုံနှင့်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးထားပါသည်။ ၁၉၈၈ခုနှစ်က တိုင်းအတွင်း ဆေးရုံ ၂၈ရုံ၊ တိုက်နယ်ဆေးရုံ ၃၂ ရုံ၊ ဆေးပေးခန်း ၄၂ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၀၈ခု၊ သူနာပြုကျောင်းတစ်ကျောင်းသာ ရှိခဲ့ပါသည်။ ယခုအခါ ခုတင်(၂၀၀)ဆံ့ဆေးရုံသုံးရုံ၊ ခုတင်(၁၅၀)ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင်(၁၀၀)ဆံ့ဆေးရုံနှစ်ရုံ၊ ခုတင်(၅၀)ဆံ့ဆေးရုံလေးရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံ၁၈ရုံ၊ တိုက်နယ်ဆေးရုံ ၅၃ရုံ၊ ဒေသန္တရကျန်းမာရေးဌာနလေးခု၊ကျောင်းကျန်းမာရေးဌာနငါးခု၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကျန်းမာရေးဌာန ၃၂ခု၊ ကျေးလက် ကျန်းမာရေးဌာန၁၄၂ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၇၂၆ခုအထိ တိုးချဲ့ ဖွင့်လှစ်ပြီး ကျေးလက်ဒေသများအထိ ကျန်းမာရေး စောင့်ရှောက်မှုပေးနေပါသည်။

ယင်းသို့ ပဲခူးတိုင်းအတွင်း ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က မြှင့်တင်ဖော်ဆောင်ပေးနေသဖြင့် ပဲခူးတိုင်းအတွင်း လူတစ်ဦးချင်းစီ၏ ပျမ်းမျှဝင်ငွေရရှိမှု အခြေအနေမှာလည်း ပိုမိုမြင့်မားလာခဲ့ပါသည်။ အနီးစပ်ဆုံး Per Capita GDP မှာ ၂၀၀၁–၂၀၀၂ ပုံမှန်ဈေးနှုန်းအရ ထိုနှစ်တွင် ၆၁၄၁၄ ကျပ်သာရှိခဲ့ရာမှ ယခု ၂၀၀၅–၂၀၀၆ခုနှစ်တွင် ကျပ် ၁၉၆၆၃၀ အထိ တိုးတက်မြင့်မားလာပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းရှိ မီရာပီမီးတောင်ပေါက်ကွဲနေသည်ကို လာရောက်လေ့လာ ကြည့်ရှုနေသော ကမ္ဘာလှည့်ခရီးသည်များအား မေ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မလေးရှားမှ ချစ်ကြည်ရေးမော်တော်ယာဉ်တန်း တရုတ်သို့ ၁၅ ရက်ကြာ ခရီးစဉ်စတင်

ကွာလာလမ်ပူ မေ ၁၆

မလေးရှားနိုင်ငံသားများ ပါဝင်ကြသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် တရုတ်နိုင်ငံသို့ သွားရောက်ရန် မေ ၁၆ ရက်တွင် မလေးရှားနိုင်ငံမှ စတင်ထွက်ခွာခဲ့ကြသည်။

အဆိုပါအဖွဲ့တွင် မော်တော်ယာဉ်စီးရေ ၂၃စီးပါဝင်ပြီး၊ အဖွဲ့ဝင် ၈၈ဦး လိုက်ပါလာကြောင်း၊ ကီလိုမီတာ ၆၀၀၀ ကျော်ကို ၁၅ ရက်ဖြင့် သွားရောက်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ သွားရောက်ရာတွင် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့ကို ဖြတ်သန်းမောင်းနှင်မည်ဖြစ်ကြောင်း တရုတ်နွယ်ဖွား မလေးနိုင်ငံသားများအသင်း (အမ်စီအေ)၏ ဖော်ပြချက်အရ သိရှိရသည်။

အမ်စီအေအဖွဲ့က မော်တော်ယာဉ်တန်းဖြင့် ချစ်ကြည်ရေးသွားရောက်သော ခရီးစဉ်ကို ၂၀၀၄ခုနှစ်တွင် ပထမဆုံးအကြိမ် ပြုလုပ်ခဲ့သည်။ ယခုအကြိမ်မှာ ဒုတိယမြောက် ခရီးစဉ်ဖြစ်သည်။ မလေးရှားချစ်ကြည်ရေး ယာဉ်တန်းခရီးစဉ်အဖွဲ့သည် တရုတ်နိုင်ငံတောင်ပိုင်း ပြည်နယ်လေးခုရှိမြို့များတွင် ရပ်နားမည်ဖြစ်သည်။ ထိုသို့ရပ်နားစဉ် အမ်စီအေအဖွဲ့သည် ဒေသဆိုင်ရာ အစိုးရအဖွဲ့များနှင့် အခြားအဖွဲ့အစည်းများနှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ နှီးနှောဖလှယ်မှုများ ဆောင်ရွက်ကြမည်ဖြစ်သည်။ ၎င်းတို့၏ ခရီးစဉ်အတွင်း ခရီးသွားလုပ်ငန်းတိုးမြှင့်ဆောင်ရွက်မည့် အစီအစဉ်လည်းပါဝင်သည်ဟု အမ်စီအေအဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှား မီးတောင်ပေါက်ကွဲမှုကြောင့် စင်ကာပူမထိခိုက်

စင်ကာပူ မေ ၁၆

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းရှိ မီရာပီ မီးတောင်ပေါက်ကွဲမှုကြောင့် စင်ကာပူနိုင်ငံ၌ ထိခိုက်မှုမရှိကြောင်း ဒေသဆိုင်ရာ ကျွမ်းကျင်သူများ၏ ပြောကြားချက်ကို ကိုးကား၍ ချန်နယ်နယူးအေးရှား သတင်းဌာနက မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

လေပြင်းတိုက်ခတ်

စင်ကာပူနိုင်ငံသည် မီရာပီမီးတောင်မှ ကီလိုမီတာ ၁၃၀၀ ခန့်အကွာတွင် တည်ရှိခြင်း၊ တနင်္လာနေ့ နံနက်ပိုင်းတွင် မီးတောင်ပေါက်ကွဲမှုအဆင့်သည် အနည်းငယ်သာရှိခြင်း၊ ထိုဒေသဝန်းကျင်တွင် လေပြင်းပြောင်းလဲတိုက်ခတ်ခြင်းတို့ကြောင့် ပြာမှုန်များ စင်ကာပူသို့ မကျရောက်ခဲ့ကြောင်း ပြောဆိုသည်။

ပြည်နယ်မိုးလေဝသဌာနက အဆိုပါမီးတောင်ကို အနီးကပ် စောင့်ကြပ်ကြည့်ရှု လေ့လာနေကြောင်း သတင်းတွင် ဖော်ပြထားသည်။

တစ်ခုအပါအဝင်

ဂျကာတာမြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၄၅၀ ခန့်အကွာ လူဦးရေသိပ်သည်းထူထပ်သော ဂျာဗားကျွန်းတွင် မီရာပီ မီးတောင်တည်ရှိသည်။ ထိုမီးတောင်သည် အင်ဒိုနီးရှားနိုင်ငံရှိ အန္တရာယ်ရှိသော မီးတောင် ၆၅ ခုတွင် တစ်ခုအပါအဝင်ဖြစ်သည်။

မီရာပီမီးတောင်သည် အကြိမ်ပေါင်းများစွာ ပေါက်ကွဲပြီး ၁၉၃၀ ပြည့်နှစ်တွင် ထိုမီးတောင် ပေါက်ကွဲမှုကြောင့် လူအသေအပျောက် အများဆုံးအဖြစ် ၁၃၇၀ ဦး သေဆုံးခဲ့သည်။ ၁၉၉၄ ခုနှစ်တွင်လည်း ထိုမီးတောင် ပေါက်ကွဲခဲ့ရာ လူ ၆၆ ဦးထက်မနည်း ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံအနောက်ပိုင်းတွင် ကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် မေ ၁၆

အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ်တွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း စစ်ဘက်က တနင်္လာနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်အရ သိရှိရသည်။

၎င်းမရိန်းတပ်ဖွဲ့ဝင် နှစ်ဦးသည် တွန်းလှန်တိုက်ခိုက်သူများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသော်လည်း အသေးစိတ်ဖော်ပြခြင်းမရှိပေ။

၎င်းတို့နှစ်ဦး သေဆုံးကြောင်း ၎င်းတို့၏ ဆွေမျိုးသားချင်းများထံ အကြောင်းကြားနေဆဲဖြစ်၍ ယင်းတပ်ဖွဲ့ဝင်များ၏ အမည်ကိုထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဩစတြေးလျနိုင်ငံတွင် ကျင်းပသည့် ဖက်ရှင်ပြပွဲ၌ ပါဝင်ယှဉ်ပြိုင်သူတစ်ဦးကို မေ ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေး ၂၀၀၇ ခုနှစ်၌ ၆ရာခိုင်နှုန်းကျော် တိုးတက်မည်

ဂျကာတာ မေ ၁၆

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးသည် လာမည့်နှစ်တွင် ၆ဒသမ၂ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း အင်ဒိုနီးရှား အာဏာပိုင်များက မေ ၁၅ ရက်တွင် ပြောကြားသည်။

နိုင်ငံ၏စီးပွားရေးကို ၂၀၀၇ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှု တိုးတက်အောင် ဆောင်ရွက်ခြင်း၊ ရေနံမဟုတ်သော အခြားပို့ကုန်များတိုးမြှင့်ခြင်းနှင့် စီးပွားရေးဆိုင်ရာကိစ္စများ၌ ကြိုးနီစနစ်များကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း စသည့် နည်းလမ်းများကို ကျင့်သုံးမည်ဖြစ်ကြောင်း သိရသည်။ ကျွန်ုပ်တို့အနေဖြင့် စီးပွားရေး လုပ်ထုံးလုပ်နည်းများ၊ အခွန်ကောက်ခံမှုနှင့် အကောက်ခွန်ဆိုင်ရာ ဥပဒေများကို ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ရာရီမူလျှံနီအင်ဒရာဝပ်တီက ပါလီမန်တွင် ပြောကြားသည်။

အထက်ပါ စီးပွားရေး ရည်မှန်းချက်ကို ရေးဆွဲရာ၌ အင်ဒိုနီးရှားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုသည် ၂၀၀၇ခုနှစ်တွင် ၅ရာခိုင်နှုန်းမှ ၇ရာခိုင်နှုန်းအကြားတွင် တည်ရှိနေသည်။ ရူပြားငွေ၏ လဲလှယ်နှုန်းသည် အမေရိကန် တစ်ဒေါ်လာလျှင် ရူပြား ၉၀၀၀မှ ၉၂၀၀ အတွင်းရှိသည်။ ကမ္ဘာ့ရေနံဈေးနှုန်းသည် တစ်စည်လျှင်ဒေါ်လာ ၅၅ မှ ၅၈ ဒေါ်လာခန့်ရှိနေသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ရေနံစိမ်းထုတ်လုပ်မှုသည် တစ်ရက်လျှင် စည်ပေါင်း ၁ဒသမ၅သန်းထွက်ရှိပြီး နိုင်ငံ၏ နိုင်ငံခြားသုံး အရန်ငွေကြေးမှာ အမေရိကန် ဒေါ်လာ ၄၃ဒသမ၈ဘီလီယံရှိမည်ဆိုသော ယူဆချက်များပေါ်တွင် အခြေခံ၍ တွက်ချက်ခဲ့သည်ခြင်း ဖြစ်သည်။

သို့ရာတွင် ကမ္ဘာ့စီးပွားရေး အခြေအနေသည် နေးကွေးလျက်ရှိပြီး ရေနံဈေးနှုန်းမှာလည်း ခန့်မှန်းရခက်သောကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေး ခန့်မှန်းချက်တွင်လည်း အပြောင်းအလဲများရှိနိုင်ကြောင်း အင်ဒရာဝပ်တီက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရရှိရန် ဗီယက်နမ် ဆောင်ရွက်လျက်ရှိ

ဟန္နိုင်း မေ ၁၆

ဗီယက်နမ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၀၆ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အကြားကာလတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် တရားဝင်ဖွံ့ဖြိုးရေးအထောက်အပံ့တို့ကဲ့သို့သော နိုင်ငံခြားအရင်းအမြစ်များမှ အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံမှ ၄၇ ဘီလီယံအထိရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဗီယက်နမ် အီကော်နောမစ်တိုင်းစ် သတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

အဆိုပါ အရင်းအနှီးများအနက် ဒေါ်လာ ၂၀ ဘီလီယံမှ ၂၂ ဘီလီယံအထိကို နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှ လည်းကောင်း၊ ဒေါ်လာ ၁၇ ဘီလီယံကို တရားဝင်ဖွံ့ဖြိုးရေးအထောက်အပံ့မှ လည်းကောင်း၊ ဒေါ်လာ ခြောက်ဘီလီယံမှ ခုနစ်ဘီလီယံအထိကို ကုန်သွယ်မှုချေးငွေများမှလည်းကောင်း၊ ဒေါ်လာ တစ်ဘီလီယံကို ပြန်လည်ပေးဆပ်ရန်မလိုသော ထောက်ပံ့ငွေမှလည်းကောင်း ရရှိရန် မျှော်မှန်းထားသည်။

အရင်းအနှီးရရှိရေး စည်းရုံးလှုပ်ရှားမှု အစီအစဉ်တွင် ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်နေကြသည့် ဗီယက်နမ်နိုင်ငံသားများက ပြန်လည်ပေးပို့သည့် ငွေကြေးများ ပါဝင်ခြင်းမရှိပေ။ ယင်းငွေကြေး ပမာဏမှာ ငါးနှစ်တာကာလအတွင်း နှစ်စဉ်ပျမ်းမျှ ဒေါ်လာ လေးဘီလီယံနီးပါးရှိမည်ဟု ခန့်မှန်းထားသည်။

ရည်မှန်းချက် ပြည့်မီအောင်မြင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်နေသည့် ပြီးပြည့်စုံသော မှတ်တမ်းမှတ်ရာများနှင့် မူဝါဒများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် ဝန်ကြီးဌာနက တိကျသော လုပ်ငန်းစဉ်များ ချမှတ်လျက်ရှိကြောင်း သတင်းစာက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆိုနီကော်ပိုရေးရှင်းက ထုတ်လုပ်သော တစ်ကိုယ်ရေသုံး ကွန်ပျူတာ (ပီစီ)အသစ်ကို တိုကျို၌ စတင်မိတ်ဆက်ကာ ဈေးကွက်တင်နေသည်ကို မေ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် တိုက်ခိုက်မှုဖြစ်ပွား ပြင်သစ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ကဘူး မေ ၁၆

အာဖဂန်နစ္စတန်နိုင်ငံတွင် တနင်္လာနေ့က တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ပြင်သစ်ကြည်းတပ်မှ အင်ဂျင်နီယာတစ်ဦးသေဆုံးခဲ့ပြီး ကနေဒါတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ကဘူး နိုင်ငံတကာလေဆိပ် မြောက်ပိုင်းတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်နေစဉ် နိုင်ငံတကာ လုံခြုံရေးအကူအညီပေးရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ ပြင်သစ်တပ်ဖွဲ့ဝင် အင်ဂျင်နီယာတစ်ဦး သေစေလောက်သည့် ဒဏ်ရာရရှိခဲ့သည်ဟု (အိုင်အက်စ်အေအက်ဖ်) ၏ ပြန်တမ်းတွင် ဖော်ပြထားသည်။ ၎င်းအင်ဂျင်နီယာကို လေဆိပ်ရှိ စစ်ဆေးရုံသို့ ဆေးကုသရန် ခေါ်ဆောင်သွားရာ ဆေးရုံရောက်ပြီး သုံးနာရီအကြာတွင် သေဆုံးခဲ့သည်ဟု ပြန်တမ်းတွင် ပါရှိသည်။ တနင်္လာနေ့မှာပင် ကန်ဒါဟာပြည်နယ်တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ကနေဒါတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သေးသည်။ ကနေဒါတပ်ဖွဲ့ဝင်များလိုက်ပါလာသည့် မော်တော်ယာဉ်သည် ကန်ဒါဟာမြို့တွင် လမ်းဘေးဗုံးဖောက်ခွဲခံခဲ့ရသဖြင့် ယင်းသို့ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

အနောက်ပစိဖိတ်ဒေသ၌ အနာတရဖြစ်မှုကြောင့် နေ့စဉ် လူ ၃၀၀၀ ကျော် သေဆုံး

မနီလာ မေ ၁၆

အနောက်ပစိဖိတ်ဒေသ၌ အနာတရဖြစ်မှုကြောင့် သေဆုံးမှုများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က တနင်္လာနေ့တွင် ထုတ်ပြန်ရာတွင် ယာဉ်မတော်တဆဖြစ်မှုကြောင့် အနာတရဖြစ်မှုများနှင့် မိမိကိုယ်မိမိသေကြောင်းကြံစည်မှုတို့မှာ ကမ္ဘာ့တစ်ဝန်း၌ ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ သေဆုံးမှုများ၏ ထိပ်တန်းအကြောင်းရင်း ၁၅ ရပ်တွင် ပါဝင်လာမည်ဖြစ်ကြောင်း သတိပေးထားသည်။

ကမ္ဘာ့တစ်ဝန်း၌ အနာတရဖြစ်မှုနှင့် ဆက်နွယ်သော အကြောင်းများကြောင့် နှစ်စဉ်သေဆုံးသူ ဦးရေမှာ ငါးသန်းနီးပါးရှိကြောင်း၊ နိုင်ငံပေါင်း ၄၈ နိုင်ငံ အကျုံးဝင်သည့် အနောက်ပစိဖိတ်ဒေသ၌ အနာတရဖြစ်မှုကြောင့် သေဆုံးသူမှာ နှစ်စဉ် ၁ ဒသမ ၂ သန်းကျော်ရှိကြောင်း၊ တစ်နည်းအားဖြင့်ဆိုသော် နေ့စဉ် လူ ၃၃၀၀နီးပါး သေဆုံးလျက်ရှိကြောင်း ဒဗလျူအိပ်ချ်အို၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါဒေသ၌ အနာတရဖြစ်မှုနှင့် ဆက်နွယ်လျက်ရှိသည့် သေဆုံးမှုများ၏ အဓိကအကြောင်းရင်းတို့မှာ မိမိကိုယ်မိမိ သေကြောင်းကြံမှု၊ ယာဉ်မတော်တဆဖြစ်မှုနှင့် ရေနစ် သေဆုံးမှုတို့ဖြစ်သည်။

မိမိကိုယ်မိမိ သေကြောင်းကြံမှုကြောင့် နှစ်စဉ်သေဆုံးသူ ၃၄၃၀၀၀၊ ယာဉ်မတော်တဆ ဖြစ်မှုကြောင့် နှစ်စဉ် သေဆုံးသူ ၃၀၂၀၀၀ နှင့် နှစ်စဉ် ရေနစ်သေဆုံးသူ ၁၇၁၀၀၀ ရှိကြောင်း ထုတ်ပြန်ချက်တွင် တွေ့ရှိရသည်။

မက္ကဆီကိုနိုင်ငံနယ်စပ်တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် နယ်စပ်လုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦးကို မေ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပါကစ္စတန်၌ အသည်းရောင်ရောဂါသည် ၁၃ သန်းရှိ

အစ္စလမ္မာဘတ် မေ ၁၆

ပါကစ္စတန်နိုင်ငံ၌ အသည်းရောင်(ဘီ)ရောဂါနှင့် အသည်းရောင်(စီ)ရောဂါ ကူးစက်ခံနေရသူဦးရေမှာ ၁၃ သန်းနီးပါးရှိကြောင်း ပါကစ္စတန်နိုင်ငံ ဆေးသုတေသနကောင်စီမှ ဟူးမားကျူရီရှီ၏ ပြောကြားချက်ကို ကိုးကားလျက် ဒေလီးတိုင်းစ်သတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

၄ ရာခိုင်နှုန်း

ပါကစ္စတန်နိုင်ငံ၌ အသည်းရောင်(ဘီ)ရောဂါ ကူးစက်ခံနေရသူဦးရေမှာ လေးသန်းမှ ငါးသန်းအထိရှိပြီး အသည်းရောင်(စီ)ရောဂါ ကူးစက်ခံနေရသူဦးရေမှာ ခြောက်သန်းမှ ခုနစ်သန်းအထိရှိသည်။ အသည်းရောင်ရောဂါသည် စုစုပေါင်းမှာ နိုင်ငံလူဦးရေ၏ ၄ ရာခိုင်နှုန်း သို့မဟုတ် ၅ ရာခိုင်နှုန်းနီးပါးရှိသည်။

ဒေါ်လာ သန်း ၄၀ ကျော်

အသည်းရောင်ရောဂါနှင့် ဆက်နွယ်နေသည့်ရောဂါများ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအတွက် ယမန်နှစ်က စီမံကိန်းသစ်တစ်ရပ် ချမှတ်ခဲ့ရာ ငါးနှစ်တာကာလအတွင်း ပြီးစီးမည်ဖြစ်ကြောင်း ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ၄၁ ဒသမ၆၇သန်းနီးပါးရှိကြောင်း ကျူရီရှီက ပြောကြားသည်။ အသည်းရောင်(ဘီ)ရောဂါမှာ ဗိုင်းရပ်စ်တစ်မျိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး အသည်းရွတ်ရောဂါနှင့် အသည်းကင်ဆာရောဂါတို့ကို ဖြစ်ပေါ်စေနိုင်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

လူငယ်လူလတ်

အနာတရဖြစ်မှုများအနက် ၉၀ ရာခိုင်နှုန်းကျော်မှာ ဝင်ငွေ နည်းသောနိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများတွင် ဖြစ်ပွား ကြောင်း၊ အထူးသဖြင့် လူငယ်နှင့်လူလတ်များတွင် ဖြစ်ပွားမှုများကြောင်း ဒဗလျူအိပ်ချ်အိုက ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဥရောပ အေဒရီယားတစ်ပင်လယ်ကမ်းခြေရှိ စပလစ်ဒေသသဲသောင်ပြင်တွင် ကမ္ဘာလှည့်ခရီးသွားများ အပန်းဖြေနေကြသည်ကို မေ ၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံ၏ အလူမီနီယံ ထုတ်လုပ်မှု ၂၀၁၀ ပြည့်နှစ်တွင် တန်ချိန် သန်း ၃၀ ရှိမည်

ပေကျင်း မေ ၁၆

တရုတ်နိုင်ငံ၏ အလူမီနီယံ ထုတ်လုပ်မှု စွမ်းပကားသည် ၂၀၁၀ ပြည့်နှစ်တွင် တန်ချိန် သန်း ၃၀ အထိရောက်ရှိမည်ဟု မျှော်မှန်းထားကြောင်း သံမဟုတ်သော သတ္တုများဆိုင်ရာ စက်မှုလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ပန်ဂျီဖူ၏ ပြောကြားချက်ကို ကိုးကား၍ တရုတ်အာမခံ စာချုပ်စာတမ်းများရေးရာ ဂျာနယ်က မေ ၁၅ ရက်တွင် ရေးသားဖော်ပြထားသည်။

ယခုနှစ်၏ နှစ်ဦးပိုင်းမှ စတင်၍ အလူမီနီယံထုတ်လုပ်မှု စွမ်းပကား လျင်မြန်စွာ တိုးတက်လျက်ရှိသည်ဟု အလူမီနီယံလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ၌ ပန်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံရှိ အလူမီနီယံကော်ပိုရေးရှင်း၏ ထုတ်လုပ်မှုပမာဏသည် ၂၀၀၅ နှစ်ကုန်တွင် တန်ချိန် ၈ ဒသမ ၈၆ သန်းအထိ ရောက်ရှိခဲ့ကြောင်း၊ ထိုနှစ်ကုန်ထက် နောက်မကျဘဲ တန်ချိန် ၉ ဒသမ ၃၁ သန်းအထိ ရောက်ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံ၏ အလူမီနီယံထုတ်လုပ်မှု စွမ်းပကား စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းရှိသော အလူမီနီယံ တန်ချိန် ၁၅ သန်းခန့်ကို ၂၀၁၀ ပြည့်နှစ်ထက် နောက်မကျဘဲ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ပန်က ပြောကြားသည်။

တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံ၌ အလူမီနီယံ ထုတ်လုပ်သောကော်ပိုရေးရှင်းများ၏ ထုတ်လုပ်မှုသည် ၂၀၀၄ ခုနှစ်တွင် တန်ချိန် ၄၂၀၀၀၀ ထုတ်လုပ်ခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၅ သန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်ကြောင်း ၎င်းက ပြောဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ အကြမ်းဖက်မှုကြောင့် ဘတ်စ်ကားတစ်စီး မီးလောင်နေသည်ကို မေ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်ရဟတ်ယာဉ်တစ်စင်း အီရတ်ပြောက်ကျားများ ပစ်ချ

ဘဂ္ဂဒက် မေ ၁၆

ဘဂ္ဂဒက်မြို့တော် တောင်ပိုင်းဒေသတွင် တနင်္ဂနွေနေ့က အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားများ တိုက်ခိုက်မှု ဖြစ်ပွားစဉ်အတွင်း ပြောက်ကျားများက အမေရိကန်ရဟတ်ယာဉ်တစ်စင်းကို ပစ်ချခဲ့ကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော် တောင်ဘက် ၁၅ ကီလိုမီတာခန့်အကွာရှိ ယူဆီဖီယာကျေးရွာအနီးတွင် ယင်းဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ထိုဒေသသည် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များကို တွန်းလှန်တိုက်ခိုက် နေသည့် ဆွန်နီအာရပ်တို့၏ ခြေကုပ်စခန်းဖြစ်သည်။

ယူဆီဖီယာကျေးရွာတွင် တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း အမေရိကန်ရဟတ်ယာဉ်တစ်စင်း ပစ်ချခံရပြီး တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသော်လည်း အသေးစိတ် ဖော်ပြခြင်းမရှိပေ။

အမ်အင်အေ၊ ရိုက်တာ။

ယာဉ်စည်းကမ်း ထိန်းသိမ်းမှု ကောင်းမွန်ရေး ဆုပေးဒဏ်ပေးစနစ် မလေးရှားကျင့်သုံးမည်

ကွာလာလမ်ပူ မေ ၁၆

မလေးရှားအစိုးရက ယာဉ်စည်းကမ်းထိန်းသိမ်းမှု ကောင်းမွန်သည့်ယာဉ်မောင်းများကို ဆုကြေးငွေ ပေးအပ်မည်ဖြစ်ပြီး ယာဉ်စည်းကမ်းထိန်းသိမ်းမှု ညံ့ဖျင်းသည့်ယာဉ်မောင်းများကို ဒဏ်ငွေချမှတ်ရန် စဉ်းစားလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းစာက အင်္ဂါနေ့တွင် ရေးသားသည်။

ယာဉ်မတော်တဆမှု ကင်းရှင်းသူ သို့တည်းမဟုတ် ယာဉ်စည်းကမ်းများချိုးဖောက်ခြင်းမရှိသည့် ယာဉ်မောင်းများကို အသိအမှတ်ပြုရန်အတွက် မလေးရှား သယ်ယူပို့ဆောင်ရေးဌာနက ဆုပေးဒဏ်ပေးစနစ်တစ်ရပ်ကို ချမှတ်ရန် စီစဉ်နေသည်ဟု နယူးစထရိတ်တိုင်းမ်သတင်းစာက ရေးသားသည်။

ယင်းစနစ်အရ ယာဉ်စည်းကမ်းကောင်းသည့် မော်တော်ယာဉ်မောင်းအနေဖြင့် ၎င်း၏ မော်တော်ယာဉ်အာမခံပြန်လည်သက်တမ်းတိုးရာတွင် အာမခံကြေး လျှော့နှုန်းရရှိမည်ဖြစ်သည်ဟု လမ်းလုံခြုံရေးဌာန ညွှန်ကြားရေးမှူးချုပ် ဆူရက်ဆင့်က ပြောကြားသည်။

ယာဉ်စည်းကမ်းဖောက်ဖျက်မှု ကျူးလွန်ခဲ့သည့် ယာဉ်မောင်းအနေဖြင့် များပြားသော အာမခံကြေးကို ပေးသွင်းရမည်ဖြစ်သည်။ ဆုပေးဒဏ်ပေးစနစ်သည် လမ်းမတော်တဆဖြစ်မှု လျော့ပါးစေရန်နှင့် လမ်းလုံခြုံရေးကိစ္စအပေါ် ပြည်သူလူထု၏ သိရှိနားလည်မှုတိုးမြှင့်နိုင်ရန် ကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

စာပေ အနုပညာ မူပိုင်ခွင့်များ ဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ ဆက်လက် ကျင်းပစဉ်။ (သတင်းစဉ်)

စာပေ အနုပညာ မူပိုင်ခွင့်များဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ ကမ္ဘာ့ဉာဏပစ္စည်းများဆိုင်ရာ မူပိုင်ခွင့်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် စာပေအနုပညာမူပိုင်ခွင့်များဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ဂရင်းပလာဇာ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပသည်။

ဒုတိယနေ့ နှီးနှောဖလှယ်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင် အဖွဲ့ဝင်များ၊ အနုပညာအစည်းအရုံးများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှီးနှောဖလှယ်ပွဲကို နံနက် ၉ နာရီတွင် စတင်ကျင်းပရာ သဘာပတိအဖြစ် ဦးမောင်မောင်လတ် (မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ)၊ ဦးကြည်စိုးထွန်း (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)၊ ဦးရဲဒွေး (မြန်မာနိုင်ငံ သဘင်အစည်းအရုံးဥက္ကဋ္ဌ) တို့က ဆောင်ရွက်ကြပြီး Copyright and Related Rights in the Publishing Industry ကဏ္ဍတွင်ပါဝင်သည့် "The Role of Reproduction Rights Organizations, Important Issues Relating to the Collection and Distribution of Royalties" ခေါင်းစဉ်ဖြင့် Mr. Paul Wee, Singapore, CLASS ကလည်းကောင်း၊ Copyright and Related Rights in the Music and Film Industry ကဏ္ဍတွင်ပါဝင်သည့် " The Structure and Dynamics of the Music Industry " ခေါင်းစဉ်ဖြင့် Mr. Jiro Imamura. (Director, RIAJ) ကလည်းကောင်း၊ "Copyright and Related Rights in the Film, Music, Theatrical and Photographic Works Industry" ခေါင်းစဉ်ဖြင့် ဒေါ်နွဲ့ယဉ်ဝင်း (မြန်မာနိုင်ငံဂီတအစည်းအရုံး)နှင့် ဦးအောင်စိုးဦး(ဒါရိုက်တာအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး)တို့က စာတမ်းများ ဖတ်ကြားတင်ပြကြသည်။

ထို့နောက် The Role of Collective Management Organization in the Field of Music and Film ခေါင်းစဉ်ဖြင့် Mr. Jorgen Blomquist, Director , WIPOက လည်းကောင်း စာတမ်းများ ဖတ်ကြားသည်။

ယင်းနောက် စာပေ အနုပညာ မူပိုင်ခွင့်များဆိုင်ရာနှင့် ရုပ်ရှင်၊ ဂီတဆိုင်ရာ မူပိုင်ခွင့်ကိစ္စများနှင့် စပ်လျဉ်း၍ဆွေးနွေးမှုများကို အုပ်စုနှစ်စုခွဲ၍ အတည်ပြုနိုင်ရန် ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ပညာရှင်များနှင့် စာတမ်းရှင်များ၊ တက်ရောက်သူများပါဝင်သော စုံညီ ညှိနှိုင်းအစည်းအဝေး၌ နှီးနှောဖလှယ်ပွဲ၏ အစီရင်ခံစာကို ဦးမျိုးသန့် (မောင်ဆုရှင်)ခေါင်းဆောင် ညှိနှိုင်း၍ အတည်ပြုကြသည်။

ညနေပိုင်းတွင် နှီးနှောဖလှယ်ပွဲ ပြီးဆုံးခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ကျေးဇူးတင်ကြောင်း ဂုဏ်ပြုနှုတ်ဆက်အမှာစကား ပြောကြားသည်။

ညပိုင်းတွင် ကန်တော်ကြီး ကရဝိက်နန်းတော်၌ ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီနာယက ဦးသိန်းထွန်းက နှီးနှောဖလှယ်ပွဲ တက်ရောက်သူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

အဘိဓမ္မာခုနစ်ကျမ်း ပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်ရှိ ကံဦးကျောင်းတိုက်၌ မေ ၁၂ ရက်တွင် သတ္တမအကြိမ်မြောက် အသံမစဲ အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ ပြီးမြောက်ခြင်း အခမ်းအနားကို ယင်းကျောင်းတိုက်ရှိ ဓမ္မာရုံကြီး၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဟေမာဂနိုင်ကျောင်းတိုက်ဆရာတော် ဦးနန္ဒဝံသထံမှငါးပါးသီလခံယူဆောက်တည်ကြပြီး အဘိဓမ္မာအနုမောဒနာ တရားနာယူကြသည်။

ယင်းနောက်ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြပြီး ဝင်းရတနာ ခရီးသွားလုပ်ငန်းမှ သီရိသုဓမ္မဇောတဓရ ဦးတင်အောင်နှင့် သီရိသုဓမ္မသီရိ ဒေါ်လှလှနွယ်တို့က ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ မေ ၆ ရက်မှ ၁၂ ရက်အထိ ခုနစ်ရက်တိုင်တိုင် အဘိဓမ္မာ ရွတ်ဖတ်ပူဇော်ကြသော သံဃာတော်များအား လှူဖွယ်ဝတ္ထုများကိုလှူဒါန်းကြကာ အောင်မြင်မှုအဖြစ် ရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ မုံရွာမြို့၌ ကျင်းပ

ရန်ကုန် မေ ၁၇

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် နံနက် ၈နာရီတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ကျင်းပရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် အရန်မီးသတ် အထောက်အကူပြု ကော်မတီဝင်များ စုစုပေါင်းအင်အား ၆၅၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က အမှာစကားပြောကြားပြီး တိုင်းမီးသတ်ဦးစီးမှူး ဦးတင်မင်းထံသို့ စွမ်းအားပြည့်(ကျောက္ကာ)က အလှူငွေကျပ်သုံးသိန်း၊ ခနအောင်ကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ ရွှေအုပ်စုကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ စက်သုံးဆီ အရောင်းဆိုင်(မအူ)က ငွေကျပ်တစ်သိန်းနှစ်သောင်း၊ အုတ်လုပ်ငန်းရှင်များအဖွဲ့က ငွေကျပ်တစ်သိန်း စုစုပေါင်း အလှူငွေကျပ် ၁၁သိန်း နှစ်သောင်းကို အလှူရှင်များက ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းက စစ်ကိုင်းတိုင်းအတွင်း အကြိုအခြေခံ မီးသတ်သင်တန်း အများဆုံးဖွင့်လှစ်နိုင်သည့် ကသာမြို့နယ်နှင့် မီးသတ်စခန်းသန့်ရှင်းသာယာလှပရေးအကောင်းဆုံးဆုရရှွေဘိုမြို့နယ်တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်အုန်းနှင့် တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်တို့က အသက်ကယ်စွမ်းရည်သရုပ်ပြ မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းစီ ချီးမြှင့်သည်။

ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် မုံရွာမြို့ စက်မှုဇုန်မှ ထုတ်လုပ်ခဲ့သည့် မီးသတ်ယာဉ်နှစ်စီး၊ ခေတ်မီမီးသတ်ယာဉ်နှစ်စီးနှင့် ခေတ်မီမီးသတ်ယာဉ် (Fuso)တစ်စီးတို့၏ စွမ်းရည်ပြသမှုကိုကြည့်ရှုပြီး မီးသတ်ယာဉ်များကို စစ်ဆေးကြည့်ရှုသည်။

(သတင်းစဉ်)

နှမိုးနီးယားရောဂါဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အဏုဇီဝဗေဒအဖွဲ့က ကြီးမှူး၍ Highlight On Avian Influenzaဟောပြောပွဲကို မေ ၂၀ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့တက်ရောက်နိုင်သည်။

(သတင်းစဉ်)

ကတ္တရာခင်းလုပ်ငန်း ကွင်းဆင်းကြီးကြပ်

မူဆယ် မေ ၃

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့သည် မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ယခုဘဏ္ဍာ ရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် မူဆယ်မြို့ မြို့ပတ်လမ်းတံတားအဝင် အထွက်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကျောက်စုဆောင်းပြီးစီးမှု အခြေအနေကို မေ ၃ရက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်သည်။ **(ဓါတ်ပုံ)**

(မြို့နယ်စည်ပင်)

ကုန်သည်/ စက်မှုအသင်းချုပ်အထွေထွေအတွင်းရေးမှူး မလေးရှားနိုင်ငံမှဧည့်သည်များနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသိန်းဟန်တို့သည် မေ ၁၂ ရက် မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ Mirra Sdn Bhd မှ CEO/Executive Chairman Mr. Amir Alias, Delima Oil Products Sdn Bhd မှ CEO/Executive Director Mr.Wan Mohd Zain Wan Ismailနှင့် Marketing Executive ဖြစ်သူ Mr. Mohammad Zubir Abdul Razakတို့ကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံနှင့်ဆီအုန်းစိုက်ပျိုးထုတ်လုပ်နေမှု အခြေအနေ၊ စားအုန်းဆီများကို ပြည်တွင်း၌သုံးစွဲမှုနှင့် ပြည်ပမှ တင်သွင်းနေမှုအခြေအနေ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လုပ်ကိုင်နိုင်မည့်စီးပွားရေးအခွင့်အလမ်းဆိုင်ရာများကို ရင်းနှီးစွာဆွေးနွေးကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

တရုတ်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၁၇

ရှေ့နေချုပ် ဦးအေးမောင်၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ Henan ပြည်နယ် ဒုတိယရှေ့နေချုပ် Mr. Hengyang ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာသွားသည်။

လိုက်ပါပို့ဆောင်

ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ရန်ကုန်တိုင်းတိုင်းဥပဒေအရာရှိ၊ ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင် နှုတ်ဆက်ကြသည်။

တည်ခင်းဧည့်ခံ

ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့တွင် ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့် လိုက်ပါလျက် ပဲခူးမြို့သို့သွားရောက်၍ ပဲခူးရွှေမော်ဓောဘုရားကို ဖူးမြော်ပြီး ကမ္ဘောဇသာဒီနန်းတော်သို့ သွားရောက်လေ့လာသည်။ ယင်းနောက် ပဲခူးတိုင်းတိုင်းဥပဒေအရာရှိ ဦးခင်မောင်တင့်က ပဲခူးရွှေဝါထွန်းဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

သန်လျင်တံတားလေ့လာ

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် သန်လျင်တံတားသို့ သွားရောက်လေ့လာခဲ့ကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Henan **ပြည်နယ် ဒုတိယရှေ့နေချုပ်** Mr.Hengyang**ခေါင်းဆောင်သောအဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)

သံအမတ်ကြီး ဦးတင်ဦးလွင်အား မော်လ်ဒိုက်ဗ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

ရန်ကုန် မေ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးလွင်အား မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ (သတင်းစဉ်)

ကြေးမုံ အင်တာနက်သတင်း

နှလုံးသွေးကြောရောဂါ ဗြိတိန်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေ စီးပွားရေး ဆေးပညာသုတေသီများ ပြောကြား

လန်ဒန် မေ ၁၅

ဗြိတိန်နိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်တွင် နှလုံးသွေးကြောဆိုင်ရာ ရောဂါကုသရေးလုပ်ငန်းများအတွက် တစ်နှစ်လျှင် ပေါင်ငွေ ၁၇ ဒသမ ၄သန်း သုံးစွဲနေရာ နိုင်ငံ့စုစုပေါင်း ကျန်းမာရေးအသုံးစရိတ်၏ ၁၈ရာခိုင်နှုန်းအထိပင် ရှိသည်ဟု သုတေသီများက မေ ၁၅ရက်တွင် ထုတ်ဖော်ပြောကြားသည်။

နှလုံးသွေးကြောဆိုင်ရာ ရောဂါကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲအကျိုးဆက်များဖြစ်သည့် ကုန်ထုတ်လုပ်မှုထိခိုက်ရခြင်းနှင့် ထိုရောဂါရှင်များကို မိသားစုဝင်များက စောင့်ရှောက်ရသည့်အတွက် စီးပွားရေးအရ ဆုံးရှုံးမှုများကိုပါ ထည့်တွက်လျှင် ယင်းရောဂါနှင့် ပတ်သက်၍ ကုန်ကျရသော နှစ်စဉ်ဆုံးရှုံးမှုတန်ဖိုးသည် ပေါင်ငွေ ၂၉ ဒသမ ၁သန်းအထိ ရှိလာနိုင်သည်ဟု ဆိုသည်။

ဗြိတိန်နိုင်ငံ၏ နှလုံးသွေးကြောဆိုင်ရာ ရောဂါကြောင့် စီးပွားရေးအပေါ် မည်မျှ ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်ဆိုသောကိစ္စကို ဖော်ထုတ်လေ့လာခြင်းသည် ယခုအကြိမ်သည် ပထမဆုံးအကြိမ်ပင်ဖြစ်သည်ဟု အောက်စ်ဖို့ဒ်တက္ကသိုလ်မှ ကျန်းမာရေးဆိုင်ရာ စီးပွားရေးပညာရှင် ဂျိုဆေးလီရယ်လ်က ပြောကြားသည်။

နှလုံးသွေးကြောရောဂါအတွက် နှစ်စဉ်အသုံးပြုရသော အသုံးစရိတ်သည် ပေါင်ငွေ ၁၇ ဒသမ ၄သန်းအထိရှိသည့်အတွက် စုစုပေါင်း ကျန်းမာရေးအသုံးစရိတ်၏ ၁၈ရာခိုင်နှုန်းရှိရာ ထိုရောဂါအတွက် သုံးစွဲကုန်ကျရသော စာရင်းတွင် ဥရောပသမဂ္ဂနိုင်ငံများအနက် ဗြိတိန်သည် အများဆုံးဖြစ်နေသည်ကို တွေ့ရသည်ဟု လီရယ်လ်က ဆက်လက်ပြောကြားသည်။

ဗြိတိန်နိုင်ငံသားများကို သေစေသော ရောဂါစာရင်းတွင် နှလုံးသွေးကြောဆိုင်ရာ ရောဂါသည် ထိပ်ဆုံးမှရှိနေသော ရောဂါဖြစ်သည်။ သွေးတိုးရောဂါ၊ ကိုလက်စထရောဓာတ် ခန္ဓာတွင် မြင့်မားနေသော အခြေအနေ၊ အဝလွန်ခြင်းနှင့် ဆေးလိပ်သောက်ခြင်း စသည်များသည် ထိုရောဂါကိုတိုးစေသော အခြေအနေများပင်ဖြစ်သည်။ နှလုံးရောဂါဖောက်ခြင်း သို့မဟုတ် လေသင်တုန်းဖြတ်ခြင်းများ ဖြစ်ပွားသော်လည်း အသက်မဆုံးရှုံးဘဲ ဆက်လက်အသက်ရှင်နေခဲ့လျှင် ထိုသို့သော ပုဂ္ဂိုလ်များမှာ အရှည်သဖြင့် ဆေးဝါးစားသုံးရသူများဖြစ်လာပြီး အမြဲသဖြင့် စောင့်ရှောက်ဖေးမမှု လိုအပ်သူများလည်း ဖြစ်လာကြသည်။

ဗြိတိန်နိုင်ငံရှိ နှလုံးသွေးကြောဆိုင်ရာ ရောဂါသည်အားလုံး၏ ၂၀၀၄ခုနှစ် လေ့လာချက် အခြေအနေများအပေါ် ဆန်းစစ်မှုများပြုလုပ်ပြီးနောက် အထက်ပါ တွေ့ရှိချက်ကို လီရယ်လ်နှင့် သုတေသီများအဖွဲ့က နှလုံးရောဂါဂျာနယ်တွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

ဖော်ပြပါစရိတ်များကိုတွက်ချက်ရာတွင် ဆေးဝါးအတွက် ကုန်ကျစရိတ်၊ အရေးပေါ်စောင့်ရှောက်မှုပေးရသော စရိတ်၊ ဆေးရုံတွင် တင်၍ကုသရသော စရိတ်နှင့် လူမှုရေးဆိုင်ရာ ပံ့ပိုးရသည့်အတွက် ကုန်ကျရသော ဝန်ဆောင်မှုစရိတ် အစုစုလည်း ပါဝင်သည်ဟု ဆိုသည်။ ***အင်တာနက်။***

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အမျိုးသမီးအသုံးအဆောင် အလှအပပစ္စည်းများ ပြုလုပ်နည်းသင်တန်းဖွင့်

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် "အမျိုးသမီးအသုံးအဆောင်အလှအပ ပစ္စည်းများပြုလုပ်နည်း"သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၉ ရက် မွန်းလွဲ ၂နာရီတွင် အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်များ၊ သင်တန်းနည်းပြ ဆရာများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စောရွှေက ဘော်ကြယ်ထိုး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးရေးရာ တံဆိပ်ပုံတူ အမှတ်တရ လက်ဆောင်ပစ္စည်းကို တိုင်းနာယကထံ ပေးအပ်သည်။ ထို့နောက် တိုင်း နာယက ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များက ပြခန်းအတွင်း ပြသထားသော အမျိုးသမီး အသုံးအဆောင်ပစ္စည်းများ ဖြစ်ကြသည့် ဘောကြယ်ထိုးအဝတ်အစားများ၊ အလှပန်းကြယ်သီးတပ် အင်္ကျီများ၊ ဖဲပြား၊ ပန်းပွင့်တပ် ဆံညှပ်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ရန်ကုန်တိုင်းအတွင်းမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ ဖြစ်ကြသော သင်တန်းသူ ၅၃ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ မွန်ပြည်နယ် တတိယဆုရရှိ

ရန်ကုန် မေ ၁၇

၂၀၀၆ ခုနှစ် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ တတိယနေရာပြိုင်ပွဲကို မေ ၁၅ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်က ခြောက်ဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိပြီး တတိယဆုကို ဆွတ်ခူးသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို မွန်ပြည်နယ်မှ ခင်မိုးဝေက ရရှိသွားသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၅–၂၀၀၆
(ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	ဝယ်ချင်စရာမျိုးစုံစွာ(၂)
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ယူးချောင်းတံတား
၇:၃၅	ပြည်တွင်းသတင်းအကျဉ်း
၇:၄၅	စီးပွားဖြစ်သစ်ခွ စိုက်ကြရအောင်
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ဝက်သား၊ အာလူး)
၈:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၃၀	မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ (၂၀၀၆)
၈:၅၅	တေးဂီတအစီအစဉ်
၉:၀၀	စားသုံးသူပြည်သူများ အကျိုးပြုရန် သမဝါယမများက ဖြည့်ဆည်းစီမံ
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	မိုးလေဝသခန့်မှန်းချက်
၉:၂၀	သင်ယူလေ့လာ ဂီတပညာ (ကိုစိုင်း)
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	သွေးလွန်တုပ်ကွေး ကာကွယ်ရေး ခြင်လောက်လမ်းနှိမ်နင်းပေး
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၁၅	ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ပန်းအလှပြင်ဆင်ခြင်း သင်တန်း
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	Teens Star (ရဲလေးနှင့် တွေ့ဆုံခြင်း)
၁၁:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၅	ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ် (လွင်မိုး၊ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ခင်သန်းနွယ်)
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	ရှုချင်စရာမျက်လှည့်ပဒေသာ
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့ ၂၀၀၆ ခုနှစ် မေလ ၂၂ ရက်



ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်

ကျပ်(၁၀၀)တန်ထီဖွင့်ပွဲ ဇွန် ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် မေ ၁၇

ဇွန် ၁ရက် (ကြာသပတေးနေ့)တွင် (၂၀၉)ကြိမ်မြောက် ကျပ်(၁၀၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲ ခန်းမဆောင်၌ နံနက် ၈နာရီမှစတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ဆုတန်ဖိုးအလိုက်ဆုမဲများမှာ ကျပ်သိန်း၅၀၀ တစ်ဆု၊ ကျပ်သိန်း ၃၀၀ နှစ်ဆု၊ ကျပ်သိန်း၂၀၀ လေးဆု၊ ကျပ်သိန်း ၁၀၀ ၃၁ဆု၊ ကျပ်ဆယ်သိန်း ၄၆၄ ဆု၊ ကျပ်ငါးသိန်း ၂၀ဆု၊ ကျပ်လေးသိန်း ၂၅ဆု၊ ကျပ် နှစ်သိန်း ၁၈၅ဆု၊ ကျပ် တစ်သိန်း ၁၄၄၀ဆု၊ ကျပ် ရှစ်သောင်း ၆၃ဆု၊ ကျပ် လေးသောင်း ၁၀၀ဆု၊ ကျပ် နှစ်သောင်း ၁၄၉၃၄ဆု စုစုပေါင်း ၁၇၂၆၉ဆု ဖြစ်သည်။

ယခု (၂၀၉)ကြိမ်မြောက် ကျပ်(၁၀၀)တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဇွန် ၇ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ် ငါးသိန်းနှင့်အောက်ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများ၌ လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့တွင်းရှိလမ်းများ အဆင့်မြင့်ရေးဆောင်ရွက်နေမှု ဒုတိယမြို့တော်ဝန် ကွင်းဆင်းကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် မေ ၁၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ငွေး လိုက်ပါ၍ မေ ၁၅ရက် နံနက်ပိုင်းတွင်ရန်ကုန်မြို့တော်အတွင်းရှိ လမ်းများအဆင့်မြင့်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်သည် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ပြည်လမ်းကို စက်အား၊ လူအားဖြင့် ကတ္တရာကွန်ကရစ် လမ်းသားတင် ခင်းကျင်းနေမှုနှင့် မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းအထိ ဆက်လက်ခင်းကျင်းဆောင်ရွက်မည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းမှ ပါရမီလမ်းအထိ ဝေဇယန္တာလမ်း အရှေ့ဘက်ခြမ်း လမ်းအပိုင်းကို စက်အား လူအားဖြင့် ကတ္တရာကွန်ကရစ် လမ်းသားတင် ခင်းကျင်းနေမှုနှင့် ပြုပြင်ထိန်းသိမ်းနေမှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ လုပ်ငန်းတာဝန်ရှိသူများအား စံချိန်စံညွှန်းပြည့်မီ၍ အချိန်နှင့်တစ်ပြေးညီ ပြီးစီးရန် ဆောင်ရွက်ရေး၊ အလေအလွင့်မဖြစ်စေရေးအတွက် စနစ်တကျ လုပ်ဆောင်ရေး မှာကြားသည်။ (သတင်းစဉ်)

☆ စစ်ကိုင်းတိုင်းမှ

ဆက်လက်၍ တိုင်းမှူး၏ဇနီးက တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပေးအပ်လှူဒါန်းသည့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဝတ်စုံ ၁၀၀၀ နှင့် အမျိုးသမီးရေးရာ ဝတ်စုံ ၁၀၀၀ တို့ကို ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများထံ ပေးအပ်ပြီး တိုင်းမှူး၏ ဇနီးက အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ စစ်ကိုင်းတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ်အား ငွေကျပ် ၄၈၉ သိန်း အကုန်အကျခံ ဆောက်လုပ်ခဲ့ပြီး အလျား ၉၄ ပေ၊ အနံ ၃၆ ပေ၊ အမြင့် ၂၄ ပေရှိ နှစ်ထပ် သံကူကွန်ကရစ် အဆောက်အအုံဖြစ်သည်။ (သတင်းစဉ်)

✧ ရှေ့ဖုံးမှ

တည်ဆောက်နေသော တွံတေးတံတားလည်း ပါဝင်သည်။

တွံတေးတံတားသည် အောက်ထည်နှင့် အပေါ်ထည်သံကူကွန်ကရစ်နှင့် အပေါ်ထည် သံမဏိကြိုးဆိုင်း အမျိုးအစား တံတားဖြစ်ပြီး ပင်မတံတား အရှည်ပေ ၈၄၀နှင့် ချဉ်းကပ်တံတားအရှည် ပေ ၂၇၃၀ စုစုပေါင်း တံတားအရှည်ပေ ၃၅၇၀ဖြစ်ကြောင်း သိရသည်။ တံတား၏ ခွင့်ပြုအလေးချိန်မှာ တန် ၆၀ဖြစ်သည်။

အဆိုပါတံတားစီမံကိန်းကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၄ရက်နေ့တွင် စတင်ပန္နက်တင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ (ကြေးမုံ)

နယ်စပ်/စည်ပင် သင်တန်းများဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် မေ ၁၅ရက်နံနက် ၈နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော အဆင့်မြင့် အင်ဂျင်နီယာသင်တန်းအမှတ်စဉ်(၁)၊ အခြေခံအင်ဂျင်နီယာသင်တန်းအမှတ်စဉ်(၉)၊ အဆင့်မြင့်အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၁)၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၄၂)နှင့် (၄၃)သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆင့်မြင့် အင်ဂျင်နီယာသင်တန်းအမှတ်စဉ်(၁)သို့ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား ၂၀၊ အခြေခံ အင်ဂျင်နီယာ သင်တန်းအမှတ်စဉ်(၉)သို့ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား ၃၀၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၄၂)သို့ စည်ပင်သာယာရေး ဦးစီးဌာနမှ သင်တန်းသား ၆၀၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၄၃) သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနမှ သင်တန်းသား ၃၀၊ အဆင့်မြင့်အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၁)သို့ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၃၀ စုစုပေါင်း သင်တန်းသား ၁၇၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်မည်ဖြစ်သည်။

သင်တန်းများဖွင့်ပွဲ အပြီးတွင် ညွှန်ကြားရေးမှူးချုပ်ဦးသန်းဝင်းသည် သင်တန်းသားများ၏ အိပ်ဆောင်များနှင့် စားရိပ်သာ ပြင်ဆင်ခင်းကျင်းထားမှုများ၊ သင်တန်းကျောင်း၏ သာယာလှပရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

လှုပ်ခဲ့သော ငလျင်ငယ်တစ်ခုကြောင့် မိုင်းတွင်းပြိုကျခဲ့ရခြင်းဖြစ်သည်။ သေမင်းခံတွင်းမှ ပြန်လည်လွတ်မြောက်လာသူနှစ်ဦးမှာ အသက် (၃၄)နှစ်အရွယ်ရှိ တော့ဒ်ရပ်ဆယ်လ်နှင့် အသက် (၃၇)နှစ်ရှိ ဘရန်ဝက်ဘ်တို့ဖြစ်သည်။ ၎င်းတို့သည် တွင်းပြိုစဉ်က အမြင့်လေးပေသာရှိသော အရေးပေါ်သံလှောင်အိမ်အတွင်း ဝင်ရောက်ခိုအောင်းနိုင်ခဲ့သဖြင့် အသက်ရှင်ကြရခြင်းဖြစ်သည်။

အခင်းဖြစ်ပွားမှုဖြစ်နေစဉ်အတွင်း အခြားမိုင်းလုပ်သားတစ်ဦးမှာ အသက်ဆုံးရှုံးသွားရရှာသည်။ ထိုမိုင်းတွင်းပြိုကျမှုသတင်းသည် ဩစတြေးလျပြည်တွင်း၌သာမက ကမ္ဘာ့မီဒီယာများတွင်ပါ စိတ်ဝင်တစားရှိခဲ့ကြသော သတင်းတစ်ပုဒ်ဖြစ်ခဲ့သည်။

ကယ်ဆယ်ရေးသမားများသည် ရပ်ဆယ်လ်နှင့် ဝက်ဘ်တို့ကို ကယ်တင်နိုင်ရန် ကွန်ကရစ်ထက်ငါးဆအထိ ပိုမိုခိုင်ခံ့မှုရှိသော မာကျောလှသည့် ကျောက်လွှာထုကိုဖောက်၍ ကယ်တင်ခဲ့ရသည်။ ရွှေတွင်းအတွင်း၌ ပိတ်မိနေသူနှစ်ဦးမှာ မေ ၉ရက်တွင် အသက်ဘေးမှ လုံးလုံးလွတ်လာခဲ့သည်။ ၎င်းတို့နှစ်ဦး ပိတ်မိနေရာမှ လွတ်လာသောအခါ လူတွဲစရာပင်မလိုဘဲ ကျန်းမာရေးကောင်းမွန် နေသည်ကိုတွေ့ခဲ့ကြရသည်။ **အင်တာနက်။**

ယနေ့မိုးလေဝသ

၁၈-၅-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်မည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကြေးမုံ The Mirror အင်တာနက်ဓာတ်ပုံ



ကမ္ဘာ့ဖလား လိုချင်သလား

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဆုဖလားပုံတူ အမှတ်တရအရုပ်များ ရောင်းချနေသူတစ်ဦးကို မေ ၁၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အကြိုဝန်ထမ်းလောင်းနှင့် စာရေးသင်တန်းများဖွင့်

ရန်ကုန် မေ ၁၇

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ မေ ၉ရက် နံနက် ၇နာရီတွင် အကြိုဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ်(၂)နှင့် အခြေခံစာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ရာ ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းများတွင် အကြိုဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ်(၂)သို့ သင်တန်းသား ၄၂ဦး၊ သင်တန်းသူ ၄၂ဦး စုစုပေါင်း ၈၄ဦး၊ အခြေခံစာရေးဝန်ထမ်းသင်တန်းသို့ သင်တန်းသား ၅၃ဦး၊ သင်တန်းသူ ၈၄ဦး စုစုပေါင်း ၁၃၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ရာပြည့်ဗိမာန်တော်ကြီး စုပေါင်းရေစက်ချ

ရန်ကုန် မေ ၁၇

မန္တလေး ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် ငါးဝင်းအတွင်း တည်ထားကိုးကွယ်တော် မူခဲ့သော သမိုင်းဝင်ဆုတောင်းရ မြတ်စွာဘုရားပရိဝုဏ် အရှေ့မြောက်ထောင့်အရပ်၌ အများပြည်သူ ကောင်းမှုဖြင့် တည်ဆောက်ခဲ့သည့် ရာပြည့်ဗိမာန်တော်ကြီး စုပေါင်းရေစက်ချ အခမ်းအနားကို မေ ၁၁ရက် နံနက်ပိုင်းတွင် အဆိုပါ ရာပြည့်ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ရာပြည့်ဗိမာန်တော်ကြီး အတွင်းရှိ ရွှေဘုံသာ ရုပ်ပွားတော်မြတ်ကြီးအား နံနက် ၆နာရီတွင် စံကျောင်းတိုက် ပုပ္ပားကျောင်း ဆရာတော် ဘဒ္ဒန္တဥတ္တရ အမှူးပြုသော သံဃာတော် ၂၂ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး အလှူရှင်များက အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ် သံဃအကျိုးတော်ဆောင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူရှင်များက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရာပြည့် ဗိမာန်တော်ကြီးမှာ အလျား ၅၂ပေ၊ အနံပေ ၄၀ရှိပြီး သံကူကွန်ကရစ် မြန်မာမှု လက်ရာများဖြင့် တည်ဆောက်ထားပြီး အများပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ် ၂၃၉သိန်းကျော် အကုန်အကျခံ လှူဒါန်းခြင်းဖြစ်သည်။(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးဝင်း မြေကွက်လပ်၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပွဲကို မေ၁၇ ရက်က ကျင်းပရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင် လိုက်လံကြည့်ရှုအားပေးစဉ်။ (၅၀၆)

ဟင်းသီးဟင်းရွက်စားသောက်ရာ အန္တရာယ်ကင်းဖို့သတိပြုလိုက်နာ

လူတို့ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန် နေ့စဉ်စားသောက်သည့် အစားအစာများတွင် ရောဂါကာကွယ်နိုင်သည့် ဗီတာမင်သက်စောင့်ဓာတ်များနှင့် သတ္တုဓာတ်များပါဝင်သည့် ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကိုပါ စားသုံးရန် လိုအပ်ပါသည်။

ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများ စားသုံးရာတွင် သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ စသည့် ဓာတုပစ္စည်းများ ပါဝင်သည့် ဟင်းသီးဟင်းရွက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဗိုက်ရစ်နာ၍ အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း၊ မျိုးပွားနိုင်စွမ်းလျော့နည်းခြင်း၊ သန္ဓေသားချို့ယွင်းမှုဖြစ်ခြင်း၊ နှင်းခူရောဂါဖြစ်ခြင်း၊ ကင်ဆာ ရောဂါများဖြစ်ပွားခြင်း စသည့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။

သို့ပါ၍ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများစားသုံးရာတွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးန္တရာယ်ကင်းရှင်းစေရန်အတွက် အောက်ပါအချက်များကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

လိုက်နာရမည့်အချက်များ

၁။ သဘာဝအတိုင်း စိုက်ပျိုးရောင်းချသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စားသုံးပါ။
၂။ ဓာတုဆေးများအသုံးပြု၍ ဝါဝင်းနေအောင်ပြုလုပ်ထားသောသစ်သီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။
၃။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းများတွင် အသုံးပြုသည့် ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများ၊ အစားအသောက်များထဲတွင် မပါဝင်စေရန် ဟင်းသီးဟင်းရွက်များကို မလှီးမဖြတ်ခင် ရေသန့်သန့်နှင့် စင်ကြယ်စွာဆေးကြောပါ။
၄။ ဟင်းသီးဟင်းရွက်များကို ချက်ပြုတ်စားသောက်ပါ။
၅။ အစိမ်းစားမည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ရေသန့်သန့်ဖြင့် အထပ်ထပ်ဆေးပြီးမှ စားသုံးပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကျောက်ခွက်/ လက်ပံတို ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် မေ ၁၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၃ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ပခုက္ကူမြို့နယ်ရှိ မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ (ကျွန်းချောင်း)သို့ သွားရောက်စစ်ဆေးသည်။

ဝန်ကြီးအား စက်ရုံရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း ညွှန်ကြားရေးမှူး (ကုန်ထုတ်) ဦးမျိုးမြင့်က စက်ရုံ၏လက်ရှိလည်ပတ်နိုင်မှု အခြေအနေ၊ ဓာတ်မြေသြဇာထုတ်လုပ်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လျာထားချက် ပြည့်မီအောင်ထုတ်လုပ်နိုင်ရေး၊ စက်ရုံချောမွေ့စွာ လည်ပတ်နိုင်ရေးတို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းညွှန်ကြားပေးပြီး ဓာတ်မြေသြဇာအထွက်တိုးရေး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံလည်ပတ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသသည်။ ဝန်ကြီးက ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်နှင့် နည်းပညာပိုင်းတို့ကို တတ်ကျွမ်းသူပညာရှင်များက အချိန်ပြည့်သေချာစွာ ကြပ်မတ်ဆောင်ရွက်ကြရန်မှာကြားပြီး သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်မီးရရှိမှုအခြေအနေတို့ကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မကွေးတိုင်း မြိုင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကျောက်ခွက်/လက်ပံတို ရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိသည်။ ဝန်ကြီးအား ရေနံမြေ ရှင်းလင်းဆောင်၌ ရေနံမြေအထွေထွေမန်နေဂျာ ဦးအေးဇော်က လက်ရှိထုတ်လုပ်နေမှုအခြေအနေ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် တာဝန်ရှိသူတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက တွင်းဟောင်းပြုပြင်ခြင်း၊ တွင်းသစ်များ တူးဖော်ခြင်းတို့ကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး၊ လက်ပံတိုရေနံမြေအတွင်းရှိ ပိုမိုအလားအလာကောင်းသောနေရာများ၌ တွင်းသစ်များ ဆက်လက်ရှာဖွေတူးဖော်သွားနိုင်ရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့ကိုမှာကြားပြီး တွင်းတူးစက်နှင့် တွင်းပြင်စက်နေရာချထားမှုအစီအစဉ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေး ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးသည် National အမျိုးအစား တွင်းတူးစက် အမှတ်(၆)ဖြင့် လက်ပံတိုတွင်း အမှတ်(၆၇)အား တူးဖော်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ရေနံအထွက်တိုးရေး စမ်းသပ်ဆောင်ရွက်လျက်ရှိသည့် လက်ပံတိုတွင်းအမှတ်(၃၃)သို့ သွားရောက်ပြီး ရေနံနမူနာနှင့် ဓာတုဗေဒပစ္စည်းများ ရောစပ်ခြင်းလုပ်ငန်းများ၊ ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ကုဗပေရှစ်သန်း

အဆိုပါ ကျောက်ခွက်/ လက်ပံတို ရေနံမြေမှ နေ့စဉ် ရေနံစိမ်းစည်ပေါင်း ၈၃၀ခန့်နှင့် သဘာဝ ဓာတ်ငွေ့ကုဗပေ ရှစ်သန်းခန့်ကို နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မကွေးတိုင်း မြိုင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း လက်ပံတို တွင်းအမှတ်(၃၃)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဝေပုလ္လ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်ကြီး၏ ဦးစီး ပဓာနနာယကဆရာတော် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ မဟာထေရ်မြတ်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့၍ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့်(၇၈)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာအခမ်းအနားကို မေ ၁၁ ရက် နံနက် ၉နာရီတွင် စိန္တာမယသိဒ္ဓိဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိအမှူးပြုသော ဆရာတော် သံဃာတော်အပါး ၁၂၀ ကြွရောက်တော်မူပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ဝေးရပ်နီး အလှူရှင် မိသားစုများ၊ ဒေသခံပြည်သူများ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ အဆိုတော် စိုးစန္ဒာထွန်းက ဂုဏပူဇာရတု တေးထပ်ဓမ္မတေးတို့ဖြင့် ပူဇော်သည်။ ထို့နောက် ပြည်မြို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် သက်တော်ရှည် ဆရာတော်ကြီးငါးပါးအား ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လဆရာတော်က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက ဆရာတော်ကြီး၏ (ကိုယ်စား) ပြည်မြို့ ရွှေလက်လှရပ် အောင်မင်္ဂလာတိုက်သစ် အခြေခံ ဗုဒ္ဓဘာသာနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းသို့ ရန်ပုံငွေကျပ်သုံးသိန်းကို လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီးရှုမောင်က ဆရာတော်ကြီး၏ (ကိုယ်စား) ပေါင်းတလည်မြို့နယ် လက်ပန်တောကျေးရွာ ရွာသစ် ဘုန်းတော်ကြီးကျောင်း မျက်နှာကြက် ပြုပြင်ရန်အတွက် ငွေကျပ်သုံးသိန်းကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းသည် ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ အလှူရှင်များက လည်းကောင်း ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ ဆရာတော်ကြီးက အနုမောဒနာတရားဟောကြားသည်။

(သတင်းစဉ်)

စာပေဗိမာန်စာမူဆုပြိုင်ပွဲ(၂၀၀၅)အတွက် ဘာသာပြန်စာမူ ပြဋ္ဌာန်း

ရန်ကုန် မေ ၁၇

နှစ်စဉ်ကျင်းပလျက်ရှိသော စာပေဗိမာန်စာမူပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ၂၀၀၅ ခုနှစ်အတွက် စာမူများကို ဖိတ်ခေါ်ခဲ့ပြီးဖြစ်သည်။ ဘာသာပြန်စာမူဆု (၂၀၀၅ခုနှစ်အတွက်) ASEAN FOLK LITERATURE, AN ANTHOLOGY မှ အခန်း ခြောက်ခန်းကို ပြဋ္ဌာန်းလိုက်သည်။ အဆိုပါစာအုပ်ကို ရန်ကုန်မြို့ အမှတ်(၅၂၉-၅၃၁)ကုန်သည်လမ်း စာပေဗိမာန်အရောင်းဆိုင်၌ တန်ဖိုးငွေကျပ် ၁၄၀ ဖြင့် ဝယ်ယူ၍ပြန်ဆိုကာ ပြိုင်ပွဲဝင်နိုင်သည်။

ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့်ပုံစံဖြင့် လက်ခံမည်ဖြစ်ပြီး ယင်းပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန်အဖွဲ့ စာတည်းဌာန၌ ငွေကျပ် ၃၀ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှ မှာယူလိုသူများသည် ငွေကျပ် ၄၀ကို ငွေသား(သို့မဟုတ်)တံဆိပ်ခေါင်းတန်ဖိုးဖြင့် ပေးပို့မှာယူနိုင်သည်။

ဘာသာပြန်စာမူပြဋ္ဌာန်းစာအုပ်ကို နယ်မှ ဝယ်ယူလိုသူများသည် စာအုပ်တန်ဖိုးနှင့် တံဆိပ်ခေါင်းဖိုး အပါအဝင် စုစုပေါင်းငွေကျပ် ၁၈၀ကို ငွေပို့လွှာဖြင့် ဖော်ပြပါလိပ်စာအတိုင်း မှာယူရရှိနိုင်ပြီး ဘာသာပြန် စာမူကို စာတည်းမှူးချုပ် စာပေဗိမာန်အဖွဲ့ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ ၁၅-၉-၂၀၀၆ရက် နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ (သတင်းစဉ်)

ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ လုပ်ငန်းဆောင်ရွက်မှုတင်ပြခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ၊အသင်းဝင်များဖြစ်ကြသည့် ထုတ်ကုန်သွင်းကုန်လုပ်ကိုင်ကြသော ဆေးကုမ္ပဏီများမှ တာဝန်ရှိသူ ကိုယ်စားလှယ်များ၊ လက်လီလက်ကားရောင်းချသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက အဖွင့်အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဒေါက်တာစောလှထွန်းက အသင်း၏ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ တက်ရောက်လာကြသည့် ဆေးကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များနှင့် လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ရှင်းလင်းဖြေကြားကြပြီး အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကျောင်လေဝေးဝေး
မူးယစ်ဆေး

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါ အဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများဝင်ရောက်ကာ ကူးစက်ရောဂါများ ဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သော ကာလဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ပွားပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-

(၁) ရေကိုကျိုချက်၍ သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန်စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သောအစာများကို စားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများမဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-
(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈-၅-၂၀၀၆ (ကြာသပတေးနေ့) ၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော်(၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အဆိုပြိုင်ပွဲ
၈:၀၅ ၇။ အကပဒေသာ
၈:၁၅ ၈။ အတီးပြိုင်ပွဲ
၈:၂၀ ၉။ ပမ္မဝတီတံတား(မြင်းကဆိပ်)
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Happy and Educational English Summer Course MRTV
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
၅:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၂၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၃၅ ၈။ **“မျှော်သူမမောစေချင်” (စိုးသီဟ၊ဆုပန်ထွာ၊နန်းကလျာလှိုင်) [ဒါရိုက်တာ-စောစန္ဒာလှိုင်]**
၅:၄၅ ၉။ တေးဂီတအစီအစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ အကပြိုင်ပွဲ
၆:၄၅ ၁၃။ တေးဂီတအစီအစဉ်
၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဖန်ပန်းလုလု(အပိုင်း-၉)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ ရှေ့နေ(အပိုင်း-၆)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

မိတ္ထီလာဖောင်တော်ဦး ကရဝိက်ဖောင်တော် တန်ဆောင်းတော်ကြီး တည်ဆောက်ရေး ပထမအကြိမ်အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၇

မိတ္ထီလာမြို့ မင်းရပ်ရှိ ဖောင်တော်ဦးစေတီတော်၏ ကရဝိက်ဖောင်တော်တန်ဆောင်းတော်ကြီး တည်ဆောက်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၆ရက်တွင် အဆိုပါတန်ဆောင်းတော်ကြီး၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလူတင်က ကရဝိက်ဖောင်တော်တန်ဆောင်းတော်ကြီး တည်ဆောက်ရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ဖောင်တော်ဦးစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ညိုကတည်ဆောက်မည့် လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် လေကြောင်းအတတ်သင်လေတပ်စခန်း စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊ မြေပြင်အတတ်သင်လေတပ်စခန်း စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း၊ အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် နည်းဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်မောင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်နှင့် အဖွဲ့ဝင်များက ဌာနဆိုင်ရာများ၊ စက်မှု/လက်မှုလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများစုစုပေါင်းအလှူရှင် ၉၂ဦးတို့၏ လှူဒါန်းငွေကျပ် ၆၆၀၃၅၀၀ကို လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။ ယင်းနောက် ဖောင်တော်ဦး ဂေါပကအဖွဲ့နာယက ဦးသံဒိုင်က ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)

လူကုန်ကူးခံရမည့် တိုင်းရင်းသူနှစ်ဦးအား တာချီလိတ်မြို့၌ ကယ်တင်နိုင်ခဲ့

နေပြည်တော် မေ ၁၇

တာချီလိတ်မြို့၌ ဧပြီ ၈ ရက်တွင် တစ်ဖက်နိုင်ငံသို့ လူကုန်ကူးရန်လှည့်စားခေါ်ဆောင်ခြင်းခံခဲ့ရသည့် တိုင်းရင်းသူနှစ်ဦးအား တာချီလိတ်မြို့နယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့က ကယ်တင်နိုင်ခဲ့သည်။

ဖြစ်ပွားပုံမှာ ဆီဆိုင်မြို့နယ် နောင်ဘိုရွာနေ နန်းဖောင်း ၃၀နှစ် (ဘ)ဦးခင်လောင်သည် ဆီဆိုင်မြို့နယ် ဝိန်းလုံရွာနေ နန်းခိုင် ၂၉နှစ် (ဘ)ဦးဆမ်ရွက်နှင့် နန်းစမြရွာနေ နန်းကြာပွဲ ၂၉နှစ် (ဘ)ဦးပန်တိတို့နှစ်ဦးအား တစ်ဖက်နိုင်ငံတွင် အလုပ်လုပ်ချင်ပါက ရှာပေးမည်ဖြစ်ကြောင်း၊ ၎င်း၏အစ်ကိုဖြစ်သူ စိုင်းထွန်းသည် တစ်ဖက်နိုင်ငံတွင်ရှိနေ၍ အလုပ်ရှာလွယ်ကူပြီး လစာကောင်းကောင်းရမည်ဖြစ်ကြောင်း၊ အလုပ်ရှာပေးခတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီ ပေးရမည်ဖြစ်ပြီး လက်ငင်းငွေကျပ် ၃၀၀၀၀စီပေးရန်နှင့် ကျန်ငွေကျပ် ၂၀၀၀၀ စီကို အလုပ်လုပ်ပြီးမှ ပေးချေရန် စည်းရုံးပြောဆိုခဲ့ကြောင်း၊ ထို့အပြင် တစ်ဖက်နိုင်ငံတွင် အလုပ်လုပ်ကိုင်ခဲ့သည့် အကြောင်းများကိုလည်း စိတ်ဝင်စားအောင် ပြောပြခဲ့ကြောင်း၊ ထို့နောက် ဧပြီ ၆ရက်တွင် လေယာဉ်ဖြင့် တာချီလိတ်မြို့သို့ခေါ်ဆောင်၍ အမှတ်(၁) ချစ်ကြည်ရေးတံတားမှ ဖြတ်ကျော်လာစဉ် မသင်္ကာ၍ ခေါ်ယူစစ်မေးရာမှ လူကုန်ကူးမည့်အစီအစဉ်ကို ဖော်ထုတ်ကယ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အမှုဖွင့်အရေးယူ

တရားခံ နန်းဖောင်းအား ထိရောက်သောပြစ်ဒဏ်ချမှတ်ရေးအတွက် အမှုဖွင့်အရေးယူထားသည်။

လူကုန်ကူးခံရမှုမှ ကယ်ဆယ်နိုင်ခဲ့သည့် နန်းခိုင်နှင့် နန်းကြာပွဲတို့ နှစ်ဦးအား သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုကြပြီး ကောင်းမွန်စွာစောင့်ရှောက်၍ အုပ်ထိန်းသူ မိဘဆွေမျိုးများထံ ပြန်လည်အပ်နှံရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ကျောက်တန်းမြို့၌ ငွေကျပ်သိန်း ၃၀ ကျော်ဖိုး ဖောက်ထွင်းခံရမှု နှစ်ရက်အတွင်းဖမ်းဆီးနိုင်

နေပြည်တော် မေ ၁၇

ကျောက်တန်းမြို့၌ မေ ၄ ရက်တွင် ငွေကျပ်သိန်း ၃၀ ကျော်ဖိုး ဖောက်ထွင်းခံရမှုကို နှစ်ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

တိုင်ကြား

အခင်းဖြစ်ပွားပုံမှာ ကျောက်တန်းမြို့နယ် အနောက်ပိုင်းရပ်ကွက်နေ မစန်းစန်းဝင်း (ဘ) ဦးသန်းဝင်းသည် မေ ၄ ရက် နံနက် ၅ နာရီခွဲခန့်တွင် အိပ်ရာမှနိုးပြီး အိမ်ရှေ့တံခါးတစ်ချပ်ပွင့်နေသည်ကို တွေ့ရ၍ စစ်ဆေးရာ ဗီရိုအတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ ၂၇ မျိုး စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၂၇၅၀၀၀ ခန့် ပျောက်ဆုံးနေကြောင်း တွေ့ရှိရသောကြောင့် ကျောက်တန်းရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

စုံစမ်းစစ်ဆေးချက်များအရ တရားခံမင်းသူ(ခ) အကြီးလေးအား မေ ၅ ရက် ည ၁၀ နာရီခွဲတွင် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ၏ ထွက်ဆိုချက်အရ ၎င်းသည် မေ ၄ ရက် နံနက် ၃ နာရီတွင် မစန်းစန်းဝင်း၏ နေအိမ်ထဲသို့ ဝင်ရောက်ခဲ့ပြီး ခွရှင်တစ်ချောင်းဖြင့် ဗီရိုအံဆွဲအပေါ်မှ အထပ်သားကို ဆွဲခွာ၍ အံဆွဲအတွင်းမှ ရွှေဘူးများကို ယူဆောင်ခဲ့ကြောင်း၊ ရွှေထည်များကို ကျောက်တန်းဈေးအတွင်း လိုက်လံရောင်းချသော်လည်း ဝယ်ယူသူမရှိ၍ မရောင်းခဲ့ရဘဲပစ္စည်းအချို့ကိုသာပေါင်နှံခဲ့ရကြောင်း၊ ဈေးအတွင်း လိုက်လံရောင်းချ၊ ပေါင်နှံနေစဉ် အဖမ်းခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

စစ်ကြောဖော်ထုတ်ချက်အရအပေါင်ခံသူ ဒေါ်သန်းငွေ၊ လိုက်လံပေါင်နှံပေးသူ မစန်းလွင်(ခ) မကုလားမနှင့် မဝါဝါတို့အားလည်းကောင်း၊ တရားခံမင်းသူ(ခ)အကြီးလေးအားလည်းကောင်း ထိရောက်သော ပြစ်ဒဏ်ချမှတ်ရေး အမှုဖွင့် အရေးယူထားသည်။

အမှုမှသိမ်းဆည်းရရှိသော သက်သေခံရွှေထည်ပစ္စည်းများကို မေ ၉ ရက်တွင် ပိုင်ရှင်ဖြစ်သူ မစန်းစန်းဝင်းထံ ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးသန်းက ပြန်လည် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ တရားခံအား နှစ်ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ ခြင်းမှာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကြောင့်ဖြစ်သည်။ (သတင်းစဉ်)

လယ်တီဝိပဿနာတရားစခန်းဖွင့်မည်

ရန်ကုန် မေ ၁၇

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ်တရားတော်များကို ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ–အုံကြီး)က မေ ၂၄ရက်မှ ၃၀ရက်အထိ နံနက် ၇နာရီမှ နံနက် ၁၁နာရီ၊ မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီ၊ ညနေ ၆နာရီခွဲမှ ည ၈နာရီအထိ ဧရာဝတီတိုင်း၊ မြောင်းမြမြို့ ပဏ္ဍိတာရုံကျောင်းတိုက်တွင် လည်းကောင်း၊ ဇွန် ၁ရက်မှ ၇ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအထိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ ဆိပ်ကမ်း လုပ်သားပေါင်းစုံဓမ္မာရုံတွင်လည်းကောင်း၊ ဇွန်၁၅ရက်မှ ၂၁ရက်အထိ ညနေ ၆နာရီခွဲမှ ည ၈နာရီအထိ၊ ပုဇွန်တောင်မြို့နယ် (၇)ရပ်ကွက်၊ လိပ်ကန်လမ်းရှိ အိုးဘိုဓမ္မာရုံတွင်လည်းကောင်း ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် ဟောပြောပို့ချ မည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈–၅–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅ ၄။ မျိုးချစ်တပ်မတော်
၄:၂၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၈။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၀၀ ၉။ မျိုးချစ်တပ်မတော်
၅:၂၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၅၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “နန်းတွင်းရတနာ” (အပိုင်း–၄၁)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “လက်မတင်လေး” (အပိုင်း–၃)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

အင်အားပြင်းထန်သော မြေငလျင်လှုပ်ရှား

ရန်ကုန် မေ ၁၇

၂၀၀၆ခုနှစ်၊ မေ ၁၆ ရက်နေ့ မြန်မာစံတော်ချိန် ၂၂နာရီ ၀၂ မိနစ် ၀၇ စက္ကန့်အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၀၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပအင်ဒိုနီးရှားနိုင်ငံ(နီးရဲစ်ဒေသ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၉ အဆင့်ရှိအင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၂၈)လမ်းနေ ကွယ်လွန်သူ နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးဖြူလွင်–ဒေါ်ရွှယုံ၊ သမီး မငွေးငွေးဝင်း၊ မခင်သန်းငွေး၊ မခင်ဖုန်းလွင်၊ သား မောင်ဇော်ထက်တို့က ငွေကျပ် တစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်၊နံရံကပ်စာစောင်၊ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၇ရက်က ၃၃ရပ်ကွက်၊ ပွင့်သစ် စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်လုလုငွေးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ကြစဉ်။ (ပြန်/ဆက်)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်းနေ ဗိုလ်ကြီး အောင်ဒင်ဦး၊ ဒေါ်ခင်ခင်စုမိသားစုတို့က အထွေထွေပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပညာသင်ထောက်ပံ့ကြေး

မွန်ပြည်နယ် မုဒုံမြို့နယ် ပညာသင်ထောက်ပံ့ကြေးကော်မတီသို့ ဧပြီ ၂၈ရက်က မုဒုံမြို့ မင်းတန်းရပ်နေ ဦးဘော်လုံး(မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ) ဒေါ်မဲလင်းတို့က ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင် လက်ခံရယူစဉ်။ (မြို့နယ်ပြန်/ဆက်)

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

အနက်ရောင်စိန်ပွင့်များ (သို့မဟုတ်) ဂါနာ

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

အာဖရိကနိုင်ငံများဖလား လေးကြိမ်ရခဲ့ဖူးသော ဂါနာအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်သို့ ပထမဆုံးအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်ရသည်။ ဂါနာအသင်း၏ ခြေရည်ခြေသွေးမှာ အာဖရိက ခြသေ့်အဖြစ် တင်စားခေါ်ဝေါ်ခံရသော ကင်မရွန်းနှင့် တစ်တန်းတည်း သတ်မှတ်၍ရသည်။ ထို့ကြောင့် ကမ္ဘာ့ဖလားနောက်ဆုံးအဆင့်ပြိုင်ပွဲသို့ ဂါနာအသင်း ယခင်က ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရခြင်းမှာ သဘာဝမကျသော အချက်တစ်ချက်ဖြစ်သည်ဟု ကောက်ချက်ဆွဲရမည်။

ယမန်နှစ် အောက်တိုဘာလတွင် အာဖရိက ခြေစစ်ပွဲများပြီးဆုံးခဲ့သည်။ ဂါနာသည် ကွန်ဂိုနှင့် တောင်အာဖရိက အသင်းများကို နောက်ချန်ထားခဲ့ပြီး အုပ်စုဗိုလ်ဖြစ်လာကာ ကမ္ဘာ့ဖလား နောက်ဆုံးအဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည်။ ယခုမှပင် ဂါနာအသင်း၏ မှန်းချက်သည် အကောင်အထည်ပေါ်လာတော့သည်။

ဂါနာအသင်း၏ ခြေစစ်ပွဲတစ်လျှောက်ကို ပြန်ပြောင်းလေ့လာကြည့်လျှင် အထင်ကြီးစရာများကို တွေ့ရမည်။ ထို့အပြင် နည်းပြဆရာ လေးယောက်ပြောင်းခဲ့ပြီး လူစာရင်း အပြောင်းအလဲများစွာ လုပ်ခဲ့သည်။ သို့သော် ဂါနာအသင်း၏ အောင်မြင်မှုမှာ ပင်ကိုစွမ်းရည်များကို လိုသလို အသုံးပြုနိုင်ကြောင်း သိစေရုံမျှသာ ရှိသေးသည်။

အနက်ရောင် စိန်ပွင့်များသည် ပထမအဆင့် ခြေစစ်ပွဲတွင် ဆိုမာလီရာအသင်းနှင့် စတင်တွေ့ရှိသည်။ ထိုစဥ်က ဂါနာအသင်း၏ နည်းပြဆရာမှာ ဂျာမနီလူမျိုး ရက်ပ်ဇမ်ဒစ်စ်ဖြစ်သည်။ ၂၀၀၃ခုနှစ် ကုန်စဥ်ခန့်တွင် အသင်းမှ ဂျာမနီသို့ ပြောင်းရွှေ့သွားသည်။ ထိုနောက် မာရီယာနိုဘာရက်တိုက ကိုးလခန့် နည်းပြအဖြစ် ဆောင်ရွက်သည်။ သူသည် သူ့ဇာတိပေါ်တူဂီသို့ ပြောင်းသွားပြန်သည်။ လက်ရှိအသင်းကိုင်နေသော ရက်တိုမီယာ ဒူကိုဗစ် မရောက်ခင် ဆမ်အာဒေးက ဂါနာအသင်းကို ခေတ္တဝင်ကိုင်ပြီး ခြေစစ်ပွဲတစ်ပွဲဝင်ခဲ့သည်။

ရက်ဖွယ်လိုလို

ဒူကိုဗစ်သည် ခြေစစ်ပွဲပထမအဆင့်တွင် ဆိုမာလီယာ အသင်းငယ်ကလေးကို ၇-၀ ဂိုးဖြင့် အနိုင်ကစားလိုက်သည်။ ဆိုမာလီယာကဲ့သို့သော အသင်းငယ်ကလေးကို ခုနစ်ဂိုးသွင်းလိုက်သောကြောင့် ဂါနာအသင်းအဖို့ ဂုဏ်ယူရမည့်အစား ရှက်ဖွယ်လိုလို ဖြစ်ခဲ့ရသည်။ ဂါနာအသင်း နည်းပြ ဒူကိုဗစ်သည် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို ကိုင်တွယ်ခဲ့သူဖြစ်သည်။

ထိခိုက်သွား

ဂါနာအသင်းအား နည်းပြ ဒူကိုဗစ်ကိုင်တွယ်ပြီးနောက် ခြေစစ်ပွဲငါးပွဲစလုံး အနိုင်ရရှိသည်။ မည်သို့ပင်ဖြစ်စေ အီဂျစ်နိုင်ငံတွင် ကျင်းပသော အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ၏ ပထမအဆင့်ပတ်လည်မှ ပြန်လာခဲ့ရခြင်းသည် ဂါနာအသင်းအား လူပုံအလယ်တွင် အရှက်ရစေခဲ့သည်။ ဇင်ဘာဘွေကို ၂-၁ဖြင့် ရှုံးလိုက်ခြင်းသည် နည်းပြဆရာ ဒူကိုဗစ်၏ နည်းပြဆရာရာထူးကို ထိခိုက်သွားစေခဲ့သည်။

ဒူကိုဗစ်အတွက် ကံကောင်းသွားစေသော အချက်တစ်ချက်မှာ ကွင်းလယ်မှ အဓိက ကစားသမားများဖြစ်ကြသည့် မိုက်ကယ်အက်စ်ဆီယန်နှင့် ဆူလီမန်တာရီတို့ ပါဝင် မကစားခဲ့ခြင်းဖြစ်သည်။

မိုက်ကယ် အက်ဆင်းသည် အာဖရိကတိုက်၏ ကြေးအမြင့်ဆုံး ဘောလုံးသမားတစ်ဦး ဖြစ်နေပြီး ကမ္ဘာ့ဖလားအတွက် ခြေစစ်ပွဲတွင် အဆုံးအဖြတ်ပေးမည့် ဂိုးများသွင်းပေးခဲ့သူဖြစ်သည်။

လေးကြိမ်မြောက်

၁၉၆၃ခုနှစ် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲတွင် အောင်မြင်မှုရပြီးနောက် ဂါနာသည် အာဖရိကတိုက်၌ ဘောလုံးအင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ ၁၉၆၅ခုနှစ်တွင် အာဖရိကနိုင်ငံများ ဖလားကို ဒုတိယအကြိမ် ထပ်မံဆွတ်ခူးသည်။ တစ်ဖန် ၁၉၇၈ ခုနှစ်တွင် တတိယအကြိမ်အဖြစ် အာဖရိကနိုင်ငံများဖလားကို ကိုင်မြှောက်ခွင့် ရခဲ့ပြန်သည်။ အနက်ရောင် စိန်ပွင့်အသင်းဟု တင်စားခေါ်ဝေါ်ခြင်းခံရသော ဂါနာသည် ၁၉၈၂ခုနှစ်တွင် အာဖရိကဖလားကို လေးကြိမ်မြောက် ယူခဲ့သည်။

ဂမ်ဆိုင်း

ဂါနာအသင်းသည် အသက်(၁၇) နှစ်အောက် ကမ္ဘာ့ချန်ပီယံဖလားကို နှစ်ကြိမ်ရရှိခဲ့ဖူးသည်။ သို့သော် အသက် လိမ်လည်မှုများ ပေါ်ပေါက်ခဲ့သောကြောင့် ဂါနာအသင်း၏ အောင်မြင်မှုမှာ အမည်းစက်များ စွန်းထင်းကျန်ရစ်ခဲ့သည်။

အားလုံးပြေလည်

အောင်မြင်မှုရရှိခဲ့သော အသက် (၁၇) နှစ်အောက်အသင်းမှ ဆင်မြူရယ် အိုဆေးကပ်ဖ်ဖော့ တစ်ဦးတည်းသာ လက်ရွေးစင်အသင်းကြီးသို့ ရောက်လာနိုင်တော့သည်။

ဂါနာအသင်း၏ နောက်တန်းတွင် ကပ်ဖ်ဖော့ကို အားဖြည့်လိမ့်မည်။ လွန်ခဲ့သောနှစ် နိုဝင်ဘာလအတွင်းက နည်းပြဆရာ ဒူကိုဗစ်နှင့် မပြေမလည်ရှိခဲ့ရာ ယခုအခါ အားလုံးပြေလည်သွားပြီဖြစ်သည်။

အခြေအနေ တည်ငြိမ်သွားပြီဖြစ်သော ဂါနာအသင်းသည် ဂျာမနီ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အသင့်ရှိနေပြီဖြစ်သည်။ အုပ်စု (င)တွင် ပါဝင်သော အသင်းတိုင်းကို ဒုက္ခကြီးကြီးမားမားပေးနိုင်သော အသင်းတစ်သင်းဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ဂါနာလက်ရွေးစင် ဘောလုံး အသင်းအား တွေ့ရစဉ်။

တောင်တောရယ် သာစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နေ ကွယ်လွန်သူ သမီး ခိုင်မာသန့်ဇင် နှစ်နှစ်ပြည့်အား ရည်စူး၍ မိဘများဖြစ်သော ဒေါက်တာသန့်ဇင် - ဒေါ်ခင်မျိုးတင့်၊ သား ကျော်ကိုကိုဇင် မိသားစုက အလှူငွေ ကျပ် ၁၀ သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း ရန်ကုန်သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့် ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဥ်။ (က-ပ)



မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးပိုလာမည်

၂၀၀၆ခုနှစ်၊ မေလ ၁၇ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက် ယနေ့နံနက် ၀၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းတွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ် နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် ဖြစ်မြဲအောက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖြစ်မြဲအောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ် နှင့် ကယားပြည်နယ်တို့တွင် ဖြစ်မြဲအောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ

ကျောက်တော်မြို့၊ အမ်းမြို့နှင့် တောင်ငူမြို့တို့တွင် ၃၆ ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ

ကော့သောင်းမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၂၂လက်မနှင့် ရန်ကုန် (မင်္ဂလာဒုံ)တွင် ၀ ဒသမ ၉၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ ဘင်္ဂလား ပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလား-ပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

၂၀၀၆ ခုနှစ် မေ ၁၈ရက် ညနေအထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင် ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဥ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက် မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင် အများအားဖြင့် မိုးပိုလာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၁ ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၈၉ဒီဂရီဖာရင်ဟိုက်) **၁၆-၅-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၁၉ ဒသမ ၇ ဒီဂရီစင်တီဂရိတ် (၆၈ ဒီဂရီဖာရင်ဟိုက်) **၁၇-၅-၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၃ ရာခိုင်နှုန်း **၁၇-၅-၂၀၀၆**

နေပူသည့်နာရီပေါင်း ၁ ဒသမ ၈ နာရီခန့် **၁၆-၅-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၁၆-၅-၂၀၀၆	(၀ဒသမ၉၅လက်မ)	(၀ဒသမ၁၂လက်မ)	(၀ဒသမ၄၇လက်မ)
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	(၈ဒသမ၄၃လက်မ)	(၈ဒသမ၄၇လက်မ)	(၈ဒသမ၅၈လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၆-၅-၂၀၀၆နေ့ ၁၄း၂၀ နာရီအချိန်တွင် အရှေ့တောင်ဘက်မှ တစ်နာရီ ၁၂ မိုင်နှုန်း တိုက်ခတ်သည်။

အာဆီယံတံခွန်စိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာအသင်းယှဉ်ပြိုင်ရန် ပဏာမရွေးချယ်လေ့ကျင့်

သတင်း၊ဆောင်းပါး-ညီညီစိုးညွန့်
ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

ရန်ကုန် မေ ၁၇

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် မေ ၂၉ရက်မှ ဇွန် ၂ရက်အထိ ကျင်းပမည့် ၂၀၀၆ခုနှစ် အာဆီယံတံခွန်စိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း စခန်းဝင်လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ လက်ရှိချန်ပီယံအသင်းဖြစ်ပြီး ၂၀၀၄ခုနှစ်က ဗီယက်နမ်၌ ကျင်းပသော ပြိုင်ပွဲတွင် ဖိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ထိုပြိုင်ပွဲ၌ မြန်မာအသင်းသည် ဖိုလ်လုပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရ ဖိုလ်စွဲခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် ယခုအာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ပြီးပါက ဇူလိုင်လအတွင်း သြစတြေးလျနိုင်ငံတွင် ကျင်းပမည့် ၂၀၀၆ အာရှ အမျိုးသမီးဘောလုံးပြိုင်ပွဲသို့လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် မြန်မာအသင်းသည် အာရှအင်အားကြီး နိုင်ငံများဖြစ်သည့် လက်ရှိချန်ပီယံ မြောက်ကိုရီးယား၊ တောင်ကိုရီးယား အပါအဝင်၊ အိမ်ရှင်သြစတြေးလျ၊ ထိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေရာ ခက်ခဲသော ပြိုင်ပွဲတစ်ခုဟု ဆိုရမည်ဖြစ်သည်။ မြန်မာအသင်းသည် ၂၀၀၅ခုနှစ်က ကျင်းပသော အာရှခြေစစ်ပွဲတွင် အဆုံးအဖြတ်ပွဲ၌ ဥဇဘက်ကစ္စတန်ကို အနိုင်ရပြီး ခြေစစ်ပွဲ အောင်မြင်လာခဲ့ခြင်းဖြစ်သည်။

ယခုကျင်းပမည့် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ပထမအကြိမ်ကကဲ့သို့ အာဆီယံနိုင်ငံ အားလုံးဝင်ရောက်ယှဉ်ပြိုင်စေခြင်းမပြုဘဲ ၂၀၀၆အာရှ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာ၊ ဗီယက်နမ်၊ ထိုင်းနှင့် ဖိတ်ခေါ်အသင်းဖြစ်သည့် တရုတ်(တိုင်ပေ) လေးသင်းတို့ကိုသာ ပါဝင် ယှဉ်ပြိုင်စေမည် ဖြစ်သည်။

အဆိုပါ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး အထူးလေ့ကျင့်ပြင်ဆင်လျက်ရှိသော မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် လက်ရှိပဏာမ ကစားသမား ၂၀ ဖြင့် လေ့ကျင့်နေပြီး နည်းပြချုပ်အဖြစ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြ ဦးတင်မျိုးအောင်နှင့် ဂိုးနည်းပြ ဦးမျိုးချစ်တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ အမျိုးသမီးဘောလုံးအသင်းကို မတ်လ နောက်ဆုံးပတ်တွင် လေးပွင့်ဆိုင် လူရွေးပွဲ ကျင်းပခဲ့ပြီး ပဏာမ ကစားသမား ၂၅ ဦး ရွေးချယ်ခဲ့သည်။ ယင်းအနက်မှ ယခု ၂၀ ထပ်မံလျှော့ချခဲ့ခြင်းဖြစ်သည်။ အပြီးသတ် ၁၈ ဦးကို မကြာမီ ရွေးချယ်သွားမည်ဟု သိရသည်။

ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းနှင့် ပတ်သက်၍ ကြေးမုံက အသင်းအုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦးနှင့် နည်းပြချုပ် ဦးအေးကြူကြီးတို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

အသင်းအုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦးက "ယခု မြန်မာအမျိုးသမီးအသင်းမှာ မိမိအုပ်ချုပ်သူအဖြစ် လိုက်ပါခဲ့သည့် ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲဝင်အသင်းထက် ပိုကောင်းလာပါကြောင်း၊ ကစားသမားများကလည်း ပြင်းပြင်းထန်ထန် လေ့ကျင့်နေ၍ ပြိုင်ပွဲအတွက် အားရမိပါကြောင်း၊ ယခုအာဆီယံပြိုင်ပွဲတွင် အဓိက ယှဉ်ပြိုင်ရမည့်အသင်းမှာ ဗီယက်နမ်ဖြစ်ပါကြောင်း၊ တရုတ်(တိုင်ပေ)အသင်းမှာ ဗီယက်နမ်လောက်မကောင်းသလို ထိုင်းအသင်းမှာလည်း U-၁၉အသင်းကို အခြေခံဖွဲ့စည်းလာမည်ဟုသိရကြောင်း၊ သို့သော် ထိုင်းနှင့် တရုတ်(တိုင်ပေ)အသင်းကို လျှော့မတွက်ဘဲ အလေးထား ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ဗီယက်နမ်အသင်းနှင့်ကတော့ မကြာခဏ တွေ့ဆုံနေ၍ တစ်သင်းအကြောင်း တစ်သင်းက သိနေပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဖိလစ်ပိုင် ဆီးဂိမ်းတွင် ဗီယက်နမ်ကို ဖိုလ်လုပွဲ၌ ရှုံးသွားရခြင်းမှာ အမာခံ ကစားသမားတစ်ဦး နာသွားသလို မမျှော်လင့်ဘဲ ပယ်နယ်တီဂိုးပေးလိုက်ရ၍ ဖြစ်ပါကြောင်း၊ ယင်းပွဲမှ အားနည်းအားသာချက်များကိုယူ၍ ယခုပွဲ အနိုင်ရရှိရေး ကြိုးစား သွားမည်ဖြစ်ကြောင်း။

မိမိအနေဖြင့်မြန်မာအမျိုးသမီးအသင်း အောင်မြင်မှုရရှိရေး အထူးပံ့ပိုးဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ယခု အာဆီယံ ပြိုင်ပွဲပြီးလျှင် ဇူလိုင်လတွင် အာရှအမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ရန်ရှိကြောင်း၊ အာရှပြိုင်ပွဲမတိုင်မီ အာဆီယံ ထိပ်တန်းအသင်းဖြစ်သည့် ဗီယက်နမ်၊ ထိုင်း၊ အသင်းကောင်းတစ်သင်းဖြစ်သည့် တရုတ်(တိုင်ပေ) အသင်းတို့နှင့်ကစားခွင့်ရမည်ဖြစ်၍ အာရှပြိုင်ပွဲအတွက် အများကြီး အကျိုးရှိကြောင်း၊ အသင်းကောင်းများနှင့် ယှဉ်ပြိုင်ရမည့် အာဆီယံပြိုင်ပွဲ၊ အာရှထိပ်သီး မြောက်ကိုရီးယား၊ တောင်ကိုရီးယား စသည့် အသင်းများနှင့် ယှဉ်ပြိုင်ရမည့် အာရှပြိုင်ပွဲတို့ကြောင့် မိမိတို့အသင်း အတွေ့အကြုံကောင်းများ ရရှိမည်ဖြစ်ရာ လာမည့် ထိုင်းဆီးဂိမ်း အတွက်ပါ အကျိုးရှိစေမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ဆက်လက်၍ နည်းပြချုပ် ဦးအေးကြူကြီးက "မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ယခင်ကရရှိထားသည့် အောင်မြင်မှုများကို မိမိလက်ထက်တွင် ဆက်လက်ထိန်းသိမ်းနိုင်ရန်နှင့် ဒီထက်အောင်မြင်မှုရရန် မိမိအနေဖြင့် အနီးကပ်ကြီးကြပ်ဆောင်ရွက်နေပါကြောင်း၊ ဧပြီ ၄ရက်တွင် အသင်းကို စတင်ထိတွေ့ ပြီးနောက်ပိုင်း အသင်းကောင်းတစ်သင်းဖြစ်လာစေရန် လေ့ကျင့်ပေးနေကြောင်း၊ အားနည်းချက်များကို ကောင်းအောင်ပြုပြင်ပေးသလို အားသာချက်ကိုလည်း ပိုကောင်းအောင်လေ့ကျင့်ပေးနေကြောင်း၊ ကစားသမားအားလုံး ပြင်းပြင်းထန်ထန် လေ့ကျင့်နေကြ၍ အားရမိပါကြောင်း၊ အသင်းကို ယခင်က ကစားခဲ့သည့် နောက်တန်း သုံးယောက် ပုံစံကို မိမိအနေဖြင့် လေးယောက်ထားပြီး ပြုပြင်လေ့ကျင့်ပေးနေကြောင်း၊ အသင်းမှာ လူဟောင်းအများစုကို အခြေခံထားပြီး လူငယ်လေးဦးဖြည့်စွက်ထားကြောင်း။

ဗီယက်နမ်အသင်းမှာ တစ်ဦးချင်းကောင်းပြီး သွက်လက်မှုရှိကြောင်း၊ ထိုင်းအသင်းမှာ လူငယ်များဖြင့် သွေးသစ်လောင်းလာမည်ဟု သိရှိရပါကြောင်း၊ မိမိအနေဖြင့် အကောင်းဆုံးပုံစံဖြင့် ယှဉ်ပြိုင်နိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲဝင်မည့် မြန်မာအသင်းတွင် အဖွဲ့ခေါင်းဆောင် ဒေါက်တာ ပင်ဒိုရာအောင်ကြီး၊ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ အတွင်းရေးမှူး ဒေါ်မိမိမော်၊ သူနာပြု ဒေါ်မြင့်မြင့်စိန်၊ နည်းပြချုပ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြ ဦးတင်မျိုးအောင်၊ ဂိုးနည်းပြ ဦးမျိုးချစ်တို့က ဆောင်ရွက်မည်ဖြစ်သည်။ ပဏာမ ကစားသမား ၂၀ မှာ ဂိုးသမား မေခင်ယမင်း၊ ငြိမ်းစုဇော်၊ အေးအေးသန်း၊ နောက်တန်း စန်းစန်းမော်၊ စန်းစန်းသိန်း၊ သီတာဦး၊ နေဇာလင်းလင်းအောင်၊ မေသူဝင်း၊ နှင်းဆီမြင့်၊ မိုးမိုးထွေး၊ မိုးမိုးဝါ၊ စုစုဝေ၊ အလယ်တန်း သူဇာထွေး၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ နန်းကြေးမုံ၊ ရှေ့တန်း မိုင်နီလာထွေး၊ ဇင်မာဝမ်း၊ စန်းယုနိုင်နှင့် ခင်မာလာထွန်းတို့ ပါဝင်ကြကြောင်း သိရသည်။

(ကြေးမုံ)

နည်းပြဦးတင်မျိုးအောင် ဒိုင်ဗင်ထိုးခေါင်းတိုက်နည်းကို ဤသို့လက်တွေ့သင်ကြားပြသနေသည်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဝင်မည့် ပဏာမမြန်မာ့လက်ရွေးစင်အသင်းအား အုပ်ချုပ်သူဒေါ်မြတ်မြတ်ဦး နည်းပြအဖွဲ့တို့နှင့်အတူတွေ့ရစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မြန်မာအမျိုးသမီးအသင်းမှ တိုက်စစ်မှူးဇင်မာဝမ်း ဂိုးသွင်းလေ့ကျင့်နေစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရေကြည်မြို့နယ် ဈေးပတ်လမ်း ရေနုတ်မြောင်း တူးဖော်ဆယ်တင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဦးနှင့် အမှုဆောင်အရာရှိ ဦးမြင့်ဟန်တို့ မေ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (က-ပ)



မြို့သစ်မြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းမည်

ရန်ကုန် မေ ၁၇

မကွေးတိုင်း မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုနှင်းပွဲကို မေ၂၇ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြို့သစ် မြို့နယ်သူ၊ မြို့နယ်သားများအပြင် မြို့နယ်အသင်းကို စိတ်ဝင်စားကြသူတိုင်း (အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါ) မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်ပါ၍ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် သား၊ သမီးများစာရင်းကို အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ဝင်း(ငြိမ်း) ဖုန်း-၆၉၉၂၂၁၊ဒုတိယဥက္ကဋ္ဌ ဦးသာအောင် ဖုန်း-၆၄၁၆၇၉နှင့် အတွင်းရေးမှူး ဗိုလ်ကြီးလှရွှေ(ငြိမ်း) ဖုန်း-၅၅၅၄၇၃တို့ထံ ကြိုတင်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)

ကျိုက်ထိုမြို့ ဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်မီးသုံးစွဲမှုများကို မေ ၁၀ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်၊ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့က ကြည့်ရှုစစ်ဆေးစဉ်။(မြို့နယ်စည်ပင်)

ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး သီတဂူရေအလှူတော် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊စင်ကြယ်စွာသား၊ ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရီး၊ ဤငါးမျိုးသည် တရားနာရာ အကျိုးတည်း။ ။"

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါအကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး၏ သီတဂူရေအလှူတော် အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်	အထူးတရားပွဲအစီအစဉ်
အရှင်ဇာဂရ (ဓမ္မာစရိယ) သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက် ကမာရွတ်မြို့နယ်	၁၃၆၈ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့ (၁၈-၅-၂၀၀၆)	**ကျင်းပမည့်နေ့ရက်** ၁၃၆၈ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့မှ ၈ ရက်နေ့အထိ ၂၀၀၆ ခု၊ မေ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ **ကျင်းပမည့်နေရာ** မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ် **ကျင်းပမည့်အချိန်** ညစဉ် ၇း၀၀ နာရီ
စစ်ကိုင်းတောင်ရိုး၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ မဟာဓမ္မကထိကဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt). Ph.D	၁၃၆၈ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ သောကြာနေ့ (၁၉-၅-၂၀၀၆)	

ကရင်ပြည်နယ် ဘားအံမြို့နယ် မြတ်ပြည်ရွာနေ ဦးခင်ရွှေ၊ ဒေါ်ခင်နှင်းရွှေ မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းတစ်သောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

The Commerce Journal ဖြန့်ချိ

ရန်ကုန် မေ ၁၇

The Commerce Journal အတွဲ(၆) အမှတ်(၉)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် တရုတ်နယ်စပ်၌ ဖရဲသီးနှင့် သခွားမွှေးအရောင်းသွက်၊ မြန်မာ့ပရဆေးပင်နဲ့ ဆီးသီး၊ ဆီးဆန် ငါန်းဇွန်မြို့နယ်တွင် သီးသန့်စိုက်ပြီး ပြည်ပသို့တင်ပို့၊ အိန္ဒိယဈေးကွက်တွင် မြန်မာမတ်ပဲဈေးကောင်း၊ တရုတ်ကြွေထည် မြေထည်ကိုယှဉ်ပြိုင်ဖို့ အာဆီယံနိုင်ငံများကြိုးပမ်း၊ အိန္ဒိယ-မြန်မာကုန်သွယ်မှုတိုးမြှင့်၊ မြန်မာ့မြက်ဖျာများ ဘင်္ဂလားဒေ့ရှ်သို့တင်ပို့၊ သတိပြုရမည့် နေ့စဉ်အာဟာရ၊ နှစ်(၆၀) ဂျပန်စီးပွားရေး၊ အောင်မြင်ချမ်းသာနည်း ၁၀၀၊ ရှုရှားဖက်ရှင်၊ ကော်တလာပြောတဲ့ မားကက်တင်း၊ ကမ္ဘာလုံးဆိုင်ရာ တီထွင်ဆန်းသစ်မှုကွန်ရက်၊ အော်ဂဲနစ် နို့ကင်ဆာရောဂါဖြစ်ပွားမှုကာကွယ်၊ မြန်မာ့အုန်းသီးဈေးကွက်၊ GDPအယူအဆသစ်၊ ချိုငါးချောင်းနဲ့သိုးကလေး၊ ကပ်ခွာတွေနဲ့ အလုပ်ရှုပ်နေတဲ့ ကုန်တိုက်အရောင်းစာရေးမများ စသည့် သတင်းများအပြင် မောင်စူးစမ်း၊ အောင်သင်း၊ မောင်ဆုရှင်၊ ကြည်မင်း၊ မောင်တိုင်ပင်၊ ကြည်ရွှန်း၊ ဟံသာထွန်း၊ မောင်ပုဆိုးကြမ်း၊ ကျွန်းသားငမန်းတို့၏ ဆောင်းပါးများ၊ နယ်စပ်စခန်းအလိုက် ပို့ကုန်သွင်းကုန်ဇယား၊ ဆရာစံဇာဏီဘို၏ အမည်ဟောကိန်း၊ ရုပ်ရှင်သတင်းများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး အမှတ်(၃၈) လမ်း(၃၀) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့မှ တစ်ပြည်လုံးသို့ ဖြန့်ချိသည်။ (သတင်းစဉ်)

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သီတဂူအာယုဒါန အလှူတော်အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၁၇

သီတဂူဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်ဉာဏိဿရ (D.Litt)(Ph.D)က ဆေးရုံသုံးပစ္စည်းများလိုအပ်နေသော မန္တလေးတိုင်းအတွင်းရှိ တကောင်းဆေးရုံ၊ ပဲခူးတိုင်းအတွင်းရှိ ညောင်လေးပင်ဆေးရုံ၊ ဧရာဝတီတိုင်း ဖျာပုံမြို့နယ်အတွင်းရှိ အမာဆေးရုံနှင့် ကဒုံကနိဆေးရုံ၊ ကျုံပျော်မြို့နယ်ရှိ အင်းရဲဆေးရုံ၊ မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ လမိုင်းဆေးရုံ၊ ခေါဇာဆေးရုံ၊ ဒူးယားဆေးရုံ စုစုပေါင်း တိုက်နယ်ဆေးရုံ ရှစ်ရုံသို့ ငွေကျပ် သိန်းငါးရာတန်ဖိုးရှိ ပစ္စည်းအမျိုးပေါင်း ၂၅ မျိုးပါ ဆေးရုံသုံးပစ္စည်းကိရိယာများ လှူဒါန်းသည့် အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး အပန်းဖြေစခန်း (Western Park Royal Restaurant)၌ကျင်းပရာ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ သံဃာတော် ၁၈ပါး၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်၊ ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဝင်း၊ ဧရာဝတီတိုင်း ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်၊ လက်ခံရယူမည့်ဆေးရုံများမှ တာဝန်ခံဆရာဝန်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သီတဂူသာသနာပြုအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သီတဂူဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်က ဆေးရုံသုံးပစ္စည်းများ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းမိန့်ကြားသည်။ သီတဂူသာသနာပြုအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဦးလှမြင့်**(အပေါ်ဝဲပုံ)**က အလှူပစ္စည်းစာရင်းများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။ ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်က ကျေးဇူးတင်စကားပြောကြားသည်။ သီတဂူသာသနာပြုအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဦးလှမြင့်က သီတဂူဆရာတော်၏ လုပ်ငန်းကြီး(၄)ရပ် အကြောင်း ရှင်းလင်းတင်ပြသည်။ သီတဂူဆရာတော်ကြီးက နိဂုံးချုပ်မိန့်ကြား၍ ရေစက်ချအမျှပေးဝေသည်။ ယင်းနောက် ကန်တော်ကြီးအပန်းဖြေစခန်း (Western Park Royal Restaurant) ပိုင်ရှင်များက ဆရာတော်နှင့် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်သည်။ (သတင်းစဉ်)

အင်းစိန်မြို့ ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်းနေ ဦးမြင့်မောင် (ခ) ဦးအန်းဝှက်အားရည်စူး၍ ဇနီး ဒေါ်တင်ဝင်းနှင့် မိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို အင်းစိန်မြို့ မာလာရာမကွက်သစ် ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ အသင်းစာရင်းစစ် ဦးမြတ်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် သုမင်္ဂလာလမ်းနေ ဦးစိုးညွန့်-ဒေါ်ခင်ကြည် (ကြာညိုပန်းမိသားစု)က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အဆောက်အအုံအတွက် အလှူတော်ငွေကျပ် ၁၀ သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ္တထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပုညာရာမ မိုးကုတ်ရိပ်သာ ၁၅ရက် တရားစခန်း

ရန်ကုန် မေ ၁၇

သာကေတမြို့နယ် အမှတ်(၉)ရပ်ကွက် နဝရတ်လမ်း ပုညာရာမ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရိပ်သာ ပဓာနနာယကကမ္မဋ္ဌာနာစရိယ အရှင်ပုညာနန္ဒ (ဗဟုဇနဟိတဓရ) အရှင်သူမြတ်က မေ ၂၄ရက်မှ ဇွန် ၇ရက်အထိ ၁၅ရက် တရားစခန်းကျင်းပ၍ သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပာဒ် တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ စခန်းဝင်လိုသူများသည် မေ ၂၃ရက် ညနေ အရောက်လာရောက်ကြရန်နှင့် ရိပ်သာဖုန်း-၅၄၇၄၅၁သို့ဆက်သွယ်စာရင်းပေးခြင်း၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းခြင်းများပြုလုပ်နိုင်ကြောင်းသိရသည်။

(က-ပ)

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မော်လမြိုင်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ ပူးပေါင်း၍ မေ ၃ရက်က မော်လမြိုင်မြို့ အမှတ်(၁) ဈေးအတွင်းအပြင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြစဉ်။ (၂၅၇)

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၇

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၁၁ ရက် နံနက်ပိုင်းက မုံရွာမြို့၌ကျင်းပသည့် စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ အတွင်းရေးမှူး၊ တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်ရှိန် က အဆောက်အအုံဆောက်လုပ်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်ပစ္စည်းများကို တိုင်းမှူးထံသို့ လည်းကောင်း၊ တာဝန်ယူဆောက်လုပ်ခဲ့သည့် အေရှဟိုက်တက်ကုမ္ပဏီ အား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း အသီးသီး ပေးအပ် သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အဆောက်အအုံသစ်ဆိုင်းဘုတ်ကို တိုင်းမှူး ဗိုလ်ချုပ်သာအေး က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အဆောက်အအုံသစ်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အခမ်းအနားကို အဆိုပါ အဆောက်အအုံသစ် အစည်း အဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ရေးဦးစွာ အလှူရှင် ၁၉ ဦးတို့က တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စုစုပေါင်း ငွေကျပ် ၃၀၆၇၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး၏ ဇနီးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

ခေါင်းကြီးဆောင်းပါးအညွှန်း

မူးယစ်ဆေးဝါး ထုတ်လုပ်မှု ပပျောက်ရေး၊ သုံးစွဲမှု ပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေး တို့သည် နည်းဗျူဟာ သုံးရပ်ဖြစ်သည်။ နည်းနာ နိဿယသုံးရပ်တွင် မူးယစ်ဆေးဝါးစိုက်ပျိုး၊ ထုတ်လုပ်၊သုံးစွဲသူများ၏ ခံယူချက်နှင့် စိတ် ဓာတ်မြင့်မား တိုးတက်ပြောင်းလဲရေး အစီအမံ များ ပါဝင်သည်။ တောင်ပေါ်မြေပြန့် တိုင်း ရင်းသား အချင်းချင်း လွယ်ကူစွာ ကူးလူး ဆက်ဆံရေး လုပ်ငန်းခွင်များကို ဖော်ဆောင် ပေးသည်။

(ခေါင်းကြီး) စာမျက်နှာ–၂

စိုက်ပျိုးရေး ရေခံမြေခံကောင်းသော ပဲခူး တိုင်းကို နိုင်ငံတော်က စိုက်ပျိုးရေး အခြေခံ ကောင်းများဖြင့် ထပ်လောင်းမြှင့်တင်ပေးလိုက် သောအခါ ပဲခူးတိုင်းသည် ရှေးယခင်ကနှင့် မတူ တစ်မူထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ပဲခူးတိုင်းအတွင်း ၁၉၈၈ ခုနှစ်က စိုက်ပျိုးမြေ ဧက ၂၈၃၄၇၇၀ သာ ရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ ခုနှစ်၌ ဧက ၃၁၄၈၆၆၉ အထိ ရှိလာခဲ့သည်။

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏

“ဖွံ့ဖြိုးစည်ပင် ပဲခူးတိုင်းတစ်ခွင်”

(ဆောင်းပါး) စာမျက်နှာ–၃

အ င် တ ာ န က် ထူ း ခြ ာ း သ တ င် း

သြစတြေးလျရွှေတွင်းပြိုရာ၌ ပိတ်မိခဲ့သူ မိုင်းလုပ်သားနှစ်ဦး ရတနာပုံဆိုက်ကိန်း ကြုံရ

ရွှေမိုင်းလုပ်သားကြီး ရပ်ဆယ်လ်နှင့် ဝက်ဘ်တို့ သေကံမရောက် သက်မပျောက်ဘဲ မိုင်းတွင်းအတွင်းမှ လွတ်မြောက်လာသည်ကို မေ ၉ ရက်က တွေ့ရစဉ်။ *ဓာတ်ပုံ–အင်တာနက်*

ဆစ်ဒနီ မေ ၁၇

သြစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်း တပ်စ်မေးနီး ယားကျွန်းပေါ်ရှိရွှေမိုင်းတွင်းအတွင်း ၁၄ရက်ကြာ ပိတ်မိ နေခဲ့သူလုပ်သားနှစ်ဦးအား ၎င်းတို့၏ကိုယ်တွေ့ဖြစ်ရပ် ကို ရုပ်မြင်သံကြားဇာတ်လမ်း ရိုက်ကူးတင်ဆက်ရန် အတွက် ကမ်းလှမ်းလာသည်။ထိုကမ်းလှမ်းချက်ကိုမိုင်း လုပ်သားနှစ်ဦးကလက်ခံလိုက်သည့်အတွက် ၎င်းတို့မှာ ရတနာပုံဆိုက်သည့်ကိန်းကြုံရကြောင်း မေ ၁၄ရက်တွင် ထွက်ပေါ်လာသော ဒေသခံသတင်းများကဖော်ပြသည်။

နှစ်နာရီကြာပြသမည့် ရုပ်သံဇာတ်လမ်း ရိုက်ကူး ရေးအစီအစဉ်ကို လက်ခံသဘောတူလိုက်သည့်အတွက် ၎င်းမိုင်းလုပ်သားနှစ်ဦးမှာ သြစတြေးလျဒေါ်လာ နှစ်သန်း(အမေရိကန်ဒေါ်လာ ၁၃သမ ၅သန်း)ရရှိမည် ဖြစ်သည်။

ထိုသဘောတူညီချက်ကို သြစတြေးလျနိုင်ငံမှ နိုင်းတီဗီ ချယ်နယ်လ်နှင့်ချုပ်ဆိုခြင်းဖြစ်သည်။ မိုင်းတွင်း ကယ်ဆယ်ရေးဇာတ်လမ်းနှင့်ပတ်သက်၍ ယခုကမ်း လှမ်းသော ငွေကြေးသည် အများဆုံးပေးသော ပမာဏ ပင်ဖြစ်သည်ဟုဆိုသည်။ သြစတြေးလျနိုင်ငံပိုင် တပ်စ် မေးနီးယားကျွန်းရှိ ဘေကွန်စဖီးရွှေမိုင်းတွင်းအတွင်း၌ ၎င်းမိုင်းလုပ်သားနှစ်ဦးမှာ ဧပြီ ၂၅ရက်နေ့မှစ၍ ပိတ်မိ နေခဲ့ကြခြင်း ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် မြေအောက် အနက်တစ်ကီလိုမီတာခန့်တွင် ပိတ်မိနေခဲ့ကြသည်။ ထိုနေ့က **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

ပြည်တွင်းပြည်ပ အားကစားသတင်းအညွှန်း

ဂါနာအသင်း၏နည်းပြရာတိုမီယာဒူကိုဗစ်အား ဇန်နဝါရီ ၁၅ ရက်က ကျင်းပသော ဂါနာနှင့် တူနီးရှား ချစ်ကြည်ရေး ပြိုင်ပွဲ၌ တွေ့ရစဉ်။

ဓာတ်ပုံ– အင်တာနက်

ဆောင်းပါးရှင်ဂမ်ဆိုင်း ရေးသားတင်ဆက်လျက်ရှိသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် အသင်းများ၏ ပုံရိပ်လွှာကို နေ့စဉ်ဖော်ပြပေးလျက်ရှိရာ အာဖရိကတိုက်၏ အနက်ရောင် စိန်ပွင့် များဟု တင်စားထားသည့် ဂါနာအသင်းအကြောင်းသိကောင်းစရာများကို စာမျက်နှာ (၁၁)တွင် ဖတ်ရှုနိုင်ပါသည်။ ဂါနာအသင်း၏နည်းပြဖြစ်သူ Mr.Ratomir Dujkovic သည် တစ်ချိန်က မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို ကိုင်တွယ်သွားခဲ့ဖူးသူတစ်ဦး ဖြစ်နေခြင်းကလည်း မြန်မာဘောလုံးပရိသတ်အတွက် စိတ်ဝင်စားဖွယ်ဖြစ်နေသည်။

၂၀၀၆ခုနှစ် အာဆီယံတံခွန်စိုက်အမျိုးသမီးဘောလုံးပြိုင်ပွဲကို မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင်ကျင်းပမည်ဖြစ်သည်။ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ လက်ရှိချန်ပီယံဖြစ်သော မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းသည် မိမိ၏ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းကာကွယ်ရေးနှင့် ဇူလိုင်လတွင် သြစတြေးလျနိုင်ငံ၌ကျင်းပမည့် ၂၀၀၆ခုနှစ် အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် လေ့ကျင့်လျက်ရှိသည်။

ညီညီစိုးညွန့်၏ **“အာဆီယံ တံခွန်စိုက်အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာအသင်းယှဉ်ပြိုင်ရန် ပဏာမရွေးချယ်လေ့ကျင့်”** သတင်းဆောင်းပါး အပြည့်အစုံကို စာမျက်နှာ(၁၂)တွင် ဖတ်ရှုပါရန်။

ဂိုးသွင်းလေ့ကျင့်

မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်း၏ ကွင်းလယ်ကစားသမားအေးနန္ဒာလှိုင် ဂိုးသွင်း လေ့ကျင့်နေသည်မှာ–။

ဓာတ်ပုံ– စိုးညွန့်(ကြေးမုံ)